# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၂၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့်အသိပညာများ အတုယူလေ့လာနိုင်စေရန် လေ့လာရေးခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၂၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻


**ယနေ့ ဖတ် စ ရာ**

**ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်တော်တွင် ရေဆင်းကောင်းစေရန်နှင့် ရှေးဟောင်းသဲကျောက်ပြားကြီးများကို ညီညာပေါ်လွင်စေရေး ပြုပြင်ထိန်းသိမ်းရန် ရှေး/သုက ကြီးကြပ်၍ လုပ်ငန်းများ ဆောင်ရွက်နေ**

ပြည်တွင်းသတင်း | စာ ၉

**တိုင်ဖွန်းမုန်တိုင်း ရှန်ရှန် ဂျပန်နိုင်ငံတောင်ပိုင်းသို့ဝင်ရောက်၊ နိုင်ငံတစ်ဝန်း မုန်တိုင်းအန္တရာယ် ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်**

နိုင်ငံတကာသတင်း | စာ ၁၃

**တာချီလိတ်မြို့၌ မိုးများသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှု ဆက်လက်ဖြစ်ပွား**

ပြည်တွင်းသတင်း | စာ ၁၅


## သံလွင်မြစ်နှင့် စစ်တောင်းမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၇

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ(၇၅၀ စင်တီမီတာ)အထက်သို့ နှစ်ပေခန့် (၅၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင်

*စာမျက်နှာ ၃ ကော်လံ ၄* ❑

## မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်အသစ် ပြုလုပ်ခွင့်ရရှိသူများစာရင်းကို စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး ကြေညာ

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်အသစ် ပြုလုပ်ခွင့်ရရှိသူများစာရင်းကို စင်ကာပူနိုင်ငံဆိုင်ရာမြန်မာသံရုံးက အသိပေးကြေညာထားသည်။

မြန်မာနိုင်ငံကူးလက်မှတ်အသစ် ပြုလုပ်ခွင့်ရရှိသူများ အမည်စာရင်းကို စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ Facebook Page-Myanmar Embassy, Singapore တွင် ဩဂုတ် ၂၇ ရက်က အသိပေးထုတ်ပြန်ထားခြင်းဖြစ်သည်။

မွေးကင်းစကလေးများအတွက် နိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် မိခင် (သို့မဟုတ်)ဖခင်သာ လာရန်လိုအပ်ပြီး ကလေးခေါ်လာရန်မလိုအပ်ကြောင်းလည်း သံရုံးက အသိပေးထုတ်ပြန်ထားသည်။

ထို့အပြင် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးအနေဖြင့် သံရုံး၏ WhatsApp သို့ စာရင်းပေးပို့သူများအနက်မှ မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးခွင့်ရရှိသူများ၏ စာရင်းကို အပတ်စဉ်အလိုက်

*စာမျက်နှာ ၃ ကော်လံ ၁* ❂

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စ မာကျား ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၇**

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စ မာကျား ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၌ တရုတ်နိုင်ငံမှ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

သတင်းစဉ်

# သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပြီး ၂၀၂၄ ခုနှစ်၌ရှိမည့် ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ကောက်ယူမည်



**နေပြည်တော် ဩဂုတ် ၂၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ မကွေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အခြေခံတွက်ချက်ကောက်ယူမည်**

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ရာ ယခုဆိုလျှင် အချိန်ကာလ တစ်လခန့်သာ လိုတော့ပါကြောင်း၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပြီး ၂၀၂၄ ခုနှစ်၌ရှိမည့် ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ကောက်ယူမည် ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းကောက်ကွက်ပေါင်း တစ်သိန်း တစ်သောင်းခန့်ကို စာရင်းစစ်၊ စာရင်းကောက် လေးသောင်း နှစ်ထောင်ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန် လျာထားပါကြောင်း။

မကွေးတိုင်းဒေသကြီးအနေဖြင့် ကောက်ကွက်ပေါင်း ၉၀၀၀ ကျော်ကို စာရင်းစစ်၊ စာရင်းကောက် ၂၀၀၀ ကျော်ဖြင့် ကောက်ယူရန်လျာထားပြီး လုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း ကောက်ယူရန်ကျန်ရှိနေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေးကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် လိုကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို Mobile Tablet များအသုံးပြုကာ တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းကူညီနိုင်ရေး ပြည်သူလူထုအသိပညာပေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ စီမံချက်ပါလုပ်ငန်းများကို သတ်မှတ်ကာလအတိုင်း ပြီးမြောက်အောင်မြင်ရေးအတွက် ကော်မတီအဆင့်ဆင့်က ကြိုတင်စီမံကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူရေးအတွက် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိသည့်အချက်အလက်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးပြုဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကို ပြသသည်။

ယင်းနောက် တက်ရောက်လာကြသူများက သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ မကွေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆန်းက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အသုံးပြုမည့်ပစ္စည်းများခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။**(ဝဲပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်၍ အဆိုပါရုံးခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် သန်းခေါင်စာရင်းဆိုင်ရာ မကွေးတိုင်းဒေသကြီး၊ တိုင်းအဆင့်နည်းပြသင်တန်း ဆွေးနွေးပို့ချနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တိုင်းဦးစီးမှူးရုံးခန်းမ၌ ဝန်ထမ်းများက မြို့နယ်အလိုက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးထားရှိမှုများကို ရုံးချုပ်ရှိ e-ID Sever မှ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ ကန်သာလမ်းရှိ ဈေးရှေ့၌ စိုက်ထူထားသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ပြည်သူလူထုအသိပေး Bill Board များ စိုက်ထူထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီးနောက် မကွေးမြို့တွင်း လူစည်ကားရာလမ်းဆုံလမ်းခွနေရာများတွင် Bill Board များ စိုက်ထူထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားညွှန်ကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ရှေ့ဖုံးမှ**

သံရုံးက အသိပေးထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

မြန်မာသံရုံး၏ WhatsApp သို့ စာရင်းပေးပို့ရာတွင် စာရွက်စာတမ်းအတု၊ အခကြေးငွေရယူသူများမှတစ်ဆင့် ပေးပို့လာခြင်းများအပေါ် သက်တမ်းတိုးဆောင်ရွက်ပေးသွားမည်မဟုတ်ကြောင်း၊ မြန်မာသံရုံးဘက်မှ မည်သည့်ပုဂ္ဂလိကဝန်ဆောင်မှုကုမ္ပဏီ၊ အေးဂျင့်များကိုမျှ ဝန်ဆောင်မှုရယူရန်နှင့် တန်းစီဇယားလုပ်ဆောင်ခွင့်ပေးအပ်ထားခြင်း မရှိကြောင်းလည်း သံရုံးက အသိပေးထားသည်။

စင်ကာပူနိုင်ငံရောက် အသက်(၆၅)နှစ်နှင့်အထက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးဆောင်ရွက်ရာတွင် သံရုံး Website, WhatsApp တို့၌ ကြိုတင်ရက်ချိန်းယူရန်မလိုအပ်ဘဲ ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်၍ သံရုံးသို့ နံနက်ပိုင်းတွင် လူကိုယ်တိုင် တိုက်ရိုက်လာရောက်သက်တမ်းတိုးဆောင်ရွက်နိုင်ကြောင်းလည်း အသိပေးထားသည်။

**MT**

**❑ ရှေ့ဖုံးမှ**

ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၈ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော် (၃၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက် အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့်အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce - MOFCOM) ပညာတော်သင်ဆု ၂၀၂၄ ခုနှစ်တွင် ပါရဂူဘွဲ့ ခုနစ်ဦးနှင့် မဟာဘွဲ့ ၆၅ ဦး ရွေးချယ်ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce– MOFCOM) ပညာတော်သင်ဆုပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်အမှာစကား ပြောကြားသည်။




**အမှာစကားပြောကြား**

အစီအစဉ်အရ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စ မာကျား (Ms. Ma Jia) က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံကို ခေတ်မီသော အသိပညာ၊ ကျွမ်းကျင်မှုရှိသော ပညာရှင်နှင့် စီမံခန့်ခွဲရေးပညာရှင်များ ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်၍ မြန်မာနိုင်ငံသို့ MOFCOM ပညာသင်ဆုများ ပေးအပ်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အစိုးရပညာသင်ဆုများဖြစ်သည့် Chinese Government Scholarship (CGS)၊ Chinese Scholarship Council (CSC)၊ Youth Excellent Scholarship (YES) နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(MOFCOM)တို့မှ ပညာသင်ဆုများကို နှစ်စဉ် ကမ်းလှမ်းလျက်ရှိပါကြောင်း၊ ကမ်းလှမ်းလာသည့် ပညာသင်ဆုများတွင် ပညာရေး၊ စီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာမူဝါဒများ၊ နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး၊ စာရင်းအင်းနှင့် ဥပဒေစသည့် ဘာသာရပ်များ စုံလင်စွာ ပါဝင်သဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရာတွင် များစွာအထောက်အကူပြုလျက်ရှိပါကြောင်း၊ ပညာသင်ကာလအတွင်း တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေ့အကြုံကောင်းများ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို သင်ယူလေ့လာခြင်းဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရေးနှင့် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုများတွင် ထိရောက်စွာ အထောက်အကူပြုနိုင်ရေး ကြိုးစားကြရမည် ဖြစ်ကြောင်း၊ ပညာသင်ဆုရရှိကြသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း သက်ဆိုင်ရာဘာသာရပ်များအလိုက် ထူးချွန်ကျောင်းသားများဖြစ်အောင် ကြိုးစားသင်ယူလေ့လာကြရန်၊ ပညာသင်ကာလပြီးဆုံးသည့်အချိန်တွင် လေ့လာဆည်းပူးခဲ့သည့် အသိပညာဗဟုသုတများကို လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးပြုသွားကြရန်နှင့် နိုင်ငံအတွက် အားကိုးအားထားပြုရသည့် စွမ်းဆောင်ရည်ပြည့်ဝသော လူသားအရင်းအမြစ်များ ဖြစ်လာစေရေး ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးနှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းဝင်ခွင့်လက်မှတ် (Admission Letter)များကို ပညာတော်သင်ဆု ရွေးချယ်ခြင်းခံရသည့် အရာထမ်း၊ အမှုထမ်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး MOFCOM ပညာတော်သင် ကျောင်းသားဟောင်း တစ်ဦးနှင့် ပညာတော်သင်ဆုရရှိသူ အရာထမ်းတစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) အနေဖြင့် မြန်မာနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုဆွေးနွေးပွဲများ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ပညာသင်ဆုပေါင်းများစွာ ပေးအပ်ကမ်းလှမ်းလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် ပါရဂူဘွဲ့ ၁၄ ဦးနှင့် မဟာဘွဲ့ ၅၁ ဦး၊ ၂၀၂၄ ခုနှစ်တွင် ပါရဂူဘွဲ့ ခုနစ်ဦးနှင့် မဟာဘွဲ့ ၆၅ ဦး ရွေးချယ်ပေးအပ်ခဲ့သဖြင့် ဝင်ခွင့်ရရှိခဲ့သည့် ကျောင်းသားဦးရေသည် အာရှတွင် ပထမဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံဆိုင်ရာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား၊ တရုတ်သံရုံးမှ တာဝန်ရှိသူများနှင့် ပညာတော်သင်ဆု ရရှိကြသည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးနှင့် Horizon Lake View ဟိုတယ်၊ Presidential Suite – II ၌ ဆက်လက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စ မာကျားအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



တွေ့ဆုံစဉ် နှစ်နိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး၊ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ GACC နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးထွက်ကုန်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေါပုံမြို့နယ်၌ သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၅ ရက်က ရွှေယမုံခန်းမ၌ ပြုလုပ်သည်။



**အမြတ်များထုတ်ပေး**

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းစုဥက္ကဋ္ဌ ဦးဘုန်းနိုင်က ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သမဝါယမဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်များ ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့နောက် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွက် သမဝါယမအသင်းဝင် အသင်းသားများအား အစုပေါ်အမြတ်များကို တာဝန်ရှိသူများက ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ**

**(ပြန်/ဆက်)**

# ပင်းတယမြို့နယ်၌ အီးအမ်ဘိုကာရှီ သဘာဝမြေသြဇာပြုလုပ်နည်း လက်တွေ့ပြသ

**ပင်းတယ ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ တောင်သူများအား ဓာတ်မြေသြဇာများနှင့် သဘာဝမြေသြဇာများကို ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်ရန်နှင့် သဘာဝမြေသြဇာများကို အချိန်ကိုက်အချိုးကျသုံးစွဲခြင်းအားဖြင့် ဓာတ်မြေသြဇာသုံးစွဲမှုလျော့ကျစေရန် ရည်ရွယ်၍ အီးအမ်ဘိုကာရှီပြုလုပ်သုံးစွဲနည်းနှင့် စူပါဘိုကာရှီပြုလုပ်ခြင်း ကွင်းဆင်းသရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ ဘိုကာရှီသဘာဝဓာတ်မြေသြဇာ ပြုလုပ်နည်းကို ပင်းတယမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပွေးလှကျေးရွာ၊ မြင်းမူးကျေးရွာနှင့် ကျုံးကျေးရွာများသို့ ကွင်းဆင်း၍ လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး(ပင်းတယ)**

* ရှေ့ဖုံးမှ

အဆိုပါလေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီး သူရိန်ထွန်း ဦးဆောင်၍ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင် သား၊ သမီးများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန်လူငယ်ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူ ငါးဦး၊ အမှတ်အများဆုံးရရှိသော ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ ဂုဏ်ထူးသုံးဘာသာဖြင့် အောင်မြင်သော စစ်သည်တစ်ဦး၊ ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်သော စစ်သည်နှစ်ဦးနှင့် ကျောင်းအုပ်ကြီး/ကျောင်းအုပ်ချုပ်မှု တာဝန်ခံ ငါးဦးအပါအဝင် စုစုပေါင်း ၂၉ ဦးတို့ပါဝင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၂၆ ရက်မှ ၃၁ ရက်အထိ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သား၊ သမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သား၊ သမီးများနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့သော်လည်း ကမ္ဘာတစ်ဝန်းဖြစ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်များ



မောင်ကောင်းထက်သာ
(ခြောက်ဘာသာဂုဏ်ထူးရှင်)



မရှင်းသန့်မေ
(ငါးဘာသာဂုဏ်ထူးရှင်)



ဒုတပ်ကြပ် သက်ပိုင်လင်း
(သုံးဘာသာဂုဏ်ထူးရှင်)

၌ ရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှသာ လေ့လာရေးခရီး ပြန်လည်စေလွှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ်ထူးချွန်ကျောင်းသား ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားမှုများကို ယခုလိုကြားသိရသည်-

**မောင်ကောင်းထက်သာ**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်က အ-ထ-က(၁) ဒဂုံကနေ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ စာသင်နှစ်အစကနေ သင်ခန်းစာတစ်ခုချင်းစီကို ပိုင်နိုင်အောင် ကျက်မှတ်ခဲ့ပါတယ်။ ဆရာ၊ ဆရာမတွေ စာသင်ကြားရင် ဂရုစိုက်နားထောင်ပြီး အတတ်နိုင်ဆုံး မှတ်မိအောင်ကြိုးစားခဲ့ပါတယ်။ ကိုယ့်ဘာသာ စာပြန်ကြည့်တဲ့အချိန်ကိုလည်း အတတ်နိုင်ဆုံး အနည်းဆုံးနဲ့ အထိရောက်ဆုံးဖြစ်အောင်၊ စာပြန်ကြည့်ချိန်နဲ့ အနားယူချိန်မျှတအောင် စနစ်တကျ အချိန်ဇယားချမှတ်ပြီး ကျက်မှတ်ခဲ့ပါတယ်။ အခုလိုရလဒ်ကောင်းအောင် ပံ့ပိုးပေးကြတဲ့ မိဘနှစ်ပါးနဲ့ ငယ်စဉ်ကနေ အခုချိန်အထိ ပညာသင်ကြားပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ အခုလိုခရီးစဉ်ကို လိုက်ပါခွင့်ရရှိအောင် စီစဉ်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**မရှင်းသန့်မေ**
**(ငါးဘာသာဂုဏ်ထူးရှင်)**

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းကနေ ဂုဏ်ထူးငါးဘာသာရရှိခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို လေ့လာရေးပို့ဆောင်ပေးတဲ့အတွက် ဝမ်းသာသလို ဂုဏ်လည်းယူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုနိုင်ငံမျိုးကိုသွားဖို့ဆိုတာ တော်ရုံမလွယ်တဲ့အခွင့်အရေးပါ။ ဒါကြောင့် ဒီလိုခရီးစဉ်ကို စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဂုဏ်ထူးရဖို့ တစ်နေ့စာတစ်နေ့ ကျက်မှတ်ခဲ့ပါတယ်။ ပြီးတော့ ဆရာ၊ ဆရာမတွေ သင်ကြားပြသတာကို အမြဲမပြတ်နားထောင်ပြီး လိုက်နာခဲ့ပါတယ်။ နားမလည်တာရှိရင် အချိန်မဆွဲဘဲ ချက်ချင်းမေးမြန်းပါတယ်။ အနာဂတ်ရည်မှန်းချက်ကတော့ နိုင်ငံတော်ကို အကျိုးပြုနိုင်တဲ့ ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဒီလိုခရီးစဉ်ကို သွားရောက်နိုင်အောင် စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။

**ဒုတပ်ကြပ် သက်ပိုင်လင်း**
**(သုံးဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်ကတော့ ဒုတပ်ကြပ် သက်ပိုင်လင်းဖြစ်ပါတယ်။ ကျွန်တော်က ပညာရေးကျောင်းကနေ သုံးဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ ဂုဏ်ထူးရရှိခဲ့တဲ့ဘာသာရပ်တွေကတော့ ပထဝီ၊ သမိုင်း၊ ဘောဂဘာသာရပ်တို့ဖြစ်ပါတယ်။ ကျောင်းမှာ ဆရာ၊ ဆရာမတွေ သင်ကြားပြသပေးတဲ့သင်ခန်းစာတွေကို ကြိုးစားပြီး ကျက်မှတ်လေ့လာခဲ့ပါတယ်။ လိုအပ်တဲ့ သင်ခန်းစာတွေ၊ နားမလည်တဲ့ သင်ခန်းစာတွေကို ဆရာ၊ ဆရာမတွေကို မေးမြန်းပြီး အထူးကျက်မှတ်လေ့လာပြီး အားထုတ်ခဲ့ရပါတယ်။ အဆင့်မြင့်သင်တန်းတွေ၊ တက္ကသိုလ်တွေတက်ပြီး နိုင်ငံတော်နဲ့တပ်မတော်အပေါ် အလုပ်အကျွေးပြုနိုင်တဲ့ နိုင်ငံ့သားကောင်းဖြစ်အောင် ကြိုးစားသွားပါမယ်။ အခုလိုပြည်ပခရီးကို ကျွန်တော်တို့ တပ်မတော်သားတွေအနေနဲ့ သွားရောက်ဖို့မလွယ်ကူပါဘူး။ လေ့လာရေးခရီးစီစဉ်ပို့ဆောင်ပေးတဲ့ တပ်မတော်အကြီးအကဲကို အထူးကျေးဇူးတင်ရှိပါတယ်။ **သတင်းစဉ်**

# ဘိုကလေးဒေသထွက်အုန်းသီးများ ရန်ကုန်မြို့အပြင် ပြည်မြို့နှင့် တာချီလိတ်မြို့တို့ကို အဆက်မပြတ် တင်ပို့နေရ

**ရန်ကုန် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးဒေသထွက်အုန်းသီးများကို ရန်ကုန်မြို့အပြင် ပြည်မြို့နှင့် တာချီလိတ်မြို့တို့သို့ အဆက်မပြတ် တင်ပို့နေရကြောင်း ဈေးကွက်အတွင်း မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

ယခုမိုးတွင်းကာလမှာ အုန်းသီးအများဆုံးထွက်သော အချိန်ဖြစ်ပြီး မှာယူမှုအများဆုံးမှာ ပီနံအုန်းနှင့်ပွဲအုန်းများဖြစ်ကာ အဆိုပါအုန်းသီးနှစ်မျိုးကို အဓိကမှာယူနေခြင်းဖြစ်သည်။

"ရန်ကုန်၊ ပြည်၊ တာချီလိတ်ဘက်တွေက မှာကြတယ်။ အဲဒီဘက်တွေကတော့ ပိုရတယ်။ အုန်းသီးက ဒီအချိန်အထွက်များတဲ့အချိန်ဖြစ်တယ်။ အမျိုးအစားကတော့ မှာယူတဲ့အပေါ်မှာ မူတည်တယ်။ အများဆုံးယူကြတာကတော့ အကြီးရယ်၊ အလတ်ရယ်ပေါ့။ ကုန်သည်လည်း အဆင်ပြေအောင် လုပ်ရတာပေါ့။ ဆိုက်ကြီးတွေပဲ ယူတဲ့သူရှိတယ်။ ဈေးနှုန်းကို ကြားချပြီးတော့ ပေးရတာလည်း ရှိတာပေါ့။ အကြီး၊ အလတ်ယူတဲ့သူနဲ့ အကြီးသက်သက်ယူတဲ့သူပေါ့။ ပီနံနဲ့ ပွဲအုန်းတွေလည်း အမှာများကြတယ်" ဟု ဘိုကလေးမြို့နယ်ရှိ အုန်းခြံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

အုန်းသီးမှာ ရာသီဥတုပေါ်မူတည်ကာ ထွက်နှုန်းကွာခြားပြီး ဧရာဝတီတိုင်းဒေသကြီးမှာ အုန်းသီးထွက်ရှိမှု အများဆုံးဖြစ်ကြောင်းနှင့် နွေကာလများ၌ ဘိုကလေးဒေသထွက် အရည်သောက် အုန်းစိမ်းများကို ရန်ကုန်မှ မှာယူမှုများပြားကြောင်းလည်း သိရသည်။

"မိုးနည်းသွားပြီဆိုရင် ရေငတ်ရင် အသီးနှုန်းက သိပ်ပြီးမတင်ဘူး။ ကြွက်ဖျက်ဆီးမှုရှိရင်လည်း ပျက်စီးမှုတွေရှိတယ်။ ဘိုကလေးကတော့ အုန်းသီးထွက်တာများတယ်။ ဧရာဝတီတိုင်းဒေသကြီးကတော့ အုန်းသီးထွက်တာများတယ်လေ။ နောက် ဖျာပုံ၊ ပုသိမ်၊ မော်လမြိုင်ကျွန်းပေါ့။ အခုကတော့ အုန်းသီးလှိုင်တဲ့အချိန်ပေါ့။ ရန်ကုန်မှာက နွေပိုင်းဆို အရည်သောက်မှာကြတာ များတယ်" ဟု ၎င်းက ဆိုသည်။ **Thit Taw**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူ

**နေပြည်တော် ဩဂုတ် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်၊ စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂-၉-၂၀၂၄ ရက်မှ ၁၁-၁၀-၂၀၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၁၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊
  ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် (၂၇) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၆ တွင် ဖော်ပြပါရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေး ပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကား ပြောကြားသည့် သတင်း၌ **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတရသ စာအုပ်စာစောင်များ၊ သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်း"** အစား **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတရသစာအုပ်စာစောင်များနှင့် လေ့ကျင့်ရေး အခြေခံပညာအလယ်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်း"** ဟု ဖြည့်စွက်ဖတ်ရှုပါရန်နှင့် စာမျက်နှာ ၆ တွင် ဖော်ပြပါရှိသည့် ပုံညွှန်းစာ၌ **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မန္တလေး ပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်"** အစား **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လေ့ကျင့်ရေးအခြေခံပညာအလယ်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၂၇**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"လှပသာယာ ပြည်မြန်မာ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် မီဒီယာများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁ - ၁၀ - ၂၀၂၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ) ပြင်ပလူနာနှင့် အရေးပေါ်ဌာန နှစ်ထပ်တိုးချဲ့ဆောင်သစ်ဖွင့်လှစ်

**ဘားအံ ဩဂုတ် ၂၇**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံမြို့) တွင် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်သော ပြင်ပလူနာနှင့် အရေးပေါ်လူနာဌာန နှစ်ထပ်တိုးချဲ့ဆောင်သစ် ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီက အဆိုပါဆေးရုံကြီး တိုးချဲ့ဆောင်သစ်ရှေ့၌ ကျင်းပသည်။

ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာနှင့် အရေးပေါ်လူနာဌာန နှစ်ထပ်တိုးချဲ့ဆောင်သစ်တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၁၄၀ ဖြင့်လည်းကောင်း၊ တိုးချဲ့ပြင်ပလူနာဆောင်သစ်ရှေ့ပင်မဂိတ်တံခါး တိုးချဲ့ခြင်းနှင့် ခြံစည်းရိုးပြုပြင်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၉၈ သိန်းဖြင့်လည်းကောင်း ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်ပြီးစီး၍ ယနေ့ဖွင့်လှစ်ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျန်းမာရေးဆိုင်ရာကဏ္ဍများတွင် လိုအပ်သော ကူညီပံ့ပိုးမှုများကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး၏ ကျန်းမာရေး၊ ကုသရေးကိစ္စရပ်များကို ယခင်ကထက်ပိုမိုပြီး ဝန်ဆောင်မှုနှင့် ကုသမှုပေးနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင်က ပြင်ပလူနာနှင့်အရေးပေါ်လူနာဌာန နှစ်ထပ်တိုးချဲ့ဆောင်သစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားကာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူက အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အဆိုပါပြင်ပလူနာနှင့် အရေးပေါ်လူနာဌာန နှစ်ထပ်တိုးချဲ့ဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး (ဝဲပုံ) ပြင်ပလူနာနှင့် အရေးပေါ်လူနာဌာန နှစ်ထပ်တိုးချဲ့ဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ) သည် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ်သိန်း ၁၆၄၀ ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆေးရုံကြီးဆိုင်းဘုတ်တည်ဆောက်ခြင်းလုပ်ငန်း၊ သံဃာဆေးရုံ နှစ်ထပ်ဆောင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆေးရုံကြီး လေးခန်းတွဲသန့်စင်ခန်း ဆောက်လုပ်ခြင်းလုပ်ငန်း၊ တိုးချဲ့နားနေဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း၊ သံဃာဆေးရုံ နှစ်ထပ်ဆောင် မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်း၊ ခွဲစိတ်လေးထပ်ဆောင် ဘေးကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ တိုးချဲ့ပြင်ပလူနာ ဆောင်သစ်ရှေ့ ပင်မဂိတ်တံခါးတိုးချဲ့ခြင်းနှင့် ခြံစည်းရိုးပြုပြင်ခြင်းလုပ်ငန်း၊ ပြင်ပလူနာနှင့်အရေးပေါ်လူနာဌာန နှစ်ထပ်တိုးချဲ့ဆောင်သစ်တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးစိုးကြည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများ၏ အရေးပေါ်ကိစ္စရပ်များဆိုင်ရာ ညွှန်ကြားရေးမှူးများအဖွဲ့ (EDG) အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် နယူးယောက်မြို့ အခြေစိုက် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများ၏ အရေးပေါ်ကိစ္စရပ်များဆိုင်ရာ ညွှန်ကြားရေးမှူးများအဖွဲ့(EDG)အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှု အကူအညီ လိုအပ်ချက်များ လေ့လာရေး၊ နိုင်ငံအတွင်း အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ (NDMC) ဖွဲ့စည်းထားရှိမှုနှင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတုံ့ပြန်ရေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ အဖွဲ့အစည်းများ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာ၊ ဗီဇာသက်တမ်းတိုး၊ ခရီးသွားလာခွင့်များ ရရှိရေးနှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားမှုများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အသင်းအဖွဲ့ မှတ်ပုံတင်ရရှိရေးဆိုင်ရာကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် OCHA အဖွဲ့အကြား သဘောတူညီမှုစာလွှာ (LoA) လက်မှတ်ရေးထိုးနိုင်ရေးနှင့် ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်သင်တန်းများ ပေးနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



**တက်ရောက်**

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် EDG အဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဩဂုတ် ၂၇**

(၁၃) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံအပေါင်း ၃ နိုင်ငံများ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အရှေ့အာရှ ပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆ နာရီတွင် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ရန်ကုန်တိုင်းအခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ (ဓာတ်ပုံ)

**ထိုင်းနိုင်ငံ ဘူရီယမ်မြို့တွင် ကျင်းပခဲ့**

"ဒစ်ဂျစ်တယ်ခေတ် ပညာရေးအသွင်ကူးပြောင်းရေး" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသော (၁၃) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ထိုင်းနိုင်ငံ ဘူရီယမ်မြို့တွင် ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်နှင့် တက္ကသိုလ်များ အသက်(၂၃)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်နှင့်တက္ကသိုလ်များ အသက် (၂၃) နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်း ပဲခူးမြို့ ဥသာမြို့သစ်ရှိ တိုင်းဒေသကြီး အားကစားဥယျာဉ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

**အားကစားစိတ်ဓာတ်ထားရှိ**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသတွင်းအသက်အရွယ်အလိုက် ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လက်ရွေးစင်အဆင့်မှသည် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများ အဖြစ် မွေးထုတ်ပေးနိုင်ရေးနှင့် မြန်မာ့ပိုက်ကျော်ခြင်း အားကစားကျယ်ပြန့်စွာ တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရေးနှင့် လူငယ်သွေးသစ် ပိုက်ကျော်ခြင်းအားကစားသမားများ ပေါ်ထွက်လာစေရေး ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ယခုလိုပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲများမှတစ်ဆင့် မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပြိုင်ပွဲဝင် အားကစားသမားများ အနေဖြင့် မိမိတို့၏ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲတိုင်းတွင် အမြင့်ဆုံးအဆင့်အထိ မျှော်မှန်းကြိုးစား ယှဉ်ပြိုင်သွားကြရမည် ဖြစ်ကြောင်း၊ အားကစားနည်းအလိုက် အောင်မြင်မှုများသည် မိမိနိုင်ငံနှင့် မိမိလူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်မြင့်မားမှုကို ထင်ဟပ်ဖော်ညွှန်းခြင်းပင် ဖြစ်ကြောင်း၊ အနိုင်အရှုံးသည် သာမည၊ ယှဉ်ပြိုင်ခြင်းသည် အဓိကဆိုသည့် အားကစားစိတ်ဓာတ်ကိုလည်း အမြဲထားရှိကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက်ပြိုင်ပွဲဝင်အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ရွတ်ဆို အလေးပြုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များက ပဲခူးတက္ကသိုလ်အသင်းနှင့် နတ်တလင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးသည်။

**ပြိုင်ပွဲဝင်အသင်း ၁၁ သင်းပါဝင်**

အဆိုပါ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်နှင့် တက္ကသိုလ်များ အသက်(၂၃) နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်း ခြောက်သင်း တက္ကသိုလ်များ ကိုယ်စားပြုပြိုင်ပွဲ ဝင်အသင်း ငါးသင်း စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၁၁ သင်းပါဝင်ကာ အုပ်စုလေးအုပ်စုခွဲ၍ ပတ်လည်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကလေးအလုပ်သမားပပျောက်ရေးသည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့်စိန်ခေါ်မှုဖြစ်ပြီး ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်

**နေပြည်တော် ဩဂုတ် ၂၇**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ မြေညီထပ်အစည်းအဝေးခန်းမ၌ Hybrid Format ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နေပြည်တော်ရှိ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များက လူကိုယ်တိုင် တက်ရောက်၍ တိုင်းဒေသကြီး / ပြည်နယ်ဥပဒေရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များသင်းချုပ်မှကိုယ်စားလှယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်တို့က Online မှ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်း ကော်မတီဥက္ကဋ္ဌက ကလေးအလုပ်သမားပပျောက်ရေးသည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်ပြီး ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ ဒုတိယငါးနှစ် လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈) ကို အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ဒုတိယငါးနှစ်လုပ်ငန်း စီမံချက်အရ ကလေးအလုပ်သမားပပျောက်ရေးနှင့် စပ်လျဉ်း၍ ဥပဒေရေးရာလုပ်ငန်းကော်မတီဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီး ကိစ္စများ၊ ဆောင်ရွက်ဆဲကိစ္စများ၊ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို ယနေ့အစည်းအဝေးတွင် တင်ပြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဥပဒေရေးရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်က ဥပဒေရေးရာလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ လက်ရှိဆောင်ရွက်နေမှုများနှင့် ဥပဒေရေးရာလုပ်ငန်းကော်မတီဝင်များက ဆောင်ရွက်ရမည့်ကိစ္စများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။




ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဒုတိယငါးနှစ် လုပ်ငန်းစီမံချက်အရ ကလေးအလုပ်သမားပပျောက်ရေးနှင့် စပ်လျဉ်း၍ မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးကိစ္စများ၊ ဆောင်ရွက်ဆဲကိစ္စများ၊ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ဥပဒေရေးရာလုပ်ငန်းကော်မတီ အတွင်းရေးမှူးက သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ရန် အချက်(၄) ချက်ကို ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် ( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး။

## မင်းဘူးခရိုင်အဆင့် (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်

**မင်းဘူး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက်က မင်းဘူးဦးဩဘာသာ မြို့နယ်ခန်းမ၌ ကျင်းပသည်။

မင်းဘူးခရိုင်အဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲနှင့် စေတုတ္တရာမြို့နယ်များမှ ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့်ကျောင်းများမှ အသက် ၁၀ နှစ်မှ ၂၀ နှစ်အတွင်းရှိ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၆ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြစ်ချောင်းများမှ ရေစီးဆင်းမှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေရာအနှံ့အပြား မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြစ်၊ ချောင်းများတစ်လျှောက် ရေကြီးနစ်မြုပ်မှုများ လျော့နည်းသက်သာစေရေးနှင့် အချိန်တိုအတွင်း ရေထုတ်နုတ်စီးဆင်းနိုင်ရေးအတွက် ဩဂုတ် ၂၅ ရက်နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ တင်းဝါးချောင်း၊ ဆင်သေချောင်းနှင့် ငလိုက်ချောင်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ပင်လောင်းလမ်းကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် တင်းဝါးချောင်းတစ်လျှောက် ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပင်လောင်းလမ်းဘေးနှင့် နေရောင်ပြအင်းစိုက်ကွင်းများမှ အချိန်တိုအတွင်း ရေထုတ်နုတ်နိုင်ရေးအတွက် တင်းဝါးချောင်း တစ်လျှောက် ရေစီးဆင်းရာတွင် ချောင်းကျဉ်းသောနေရာများ၊ ချောင်းကြမ်းပြင်အတွင်း သဲနုန်းပို့ချမှုများရှိပါက အချိန်မီ ပြန်လည်တူးဖော်ဆောင်ရွက်ရန်နှင့် နုတ်မြောင်းရေထိန်းတံခါး ယာယီရေကူထုတ်ရေလွှဲနိုင်ရေး ဆောင်ရွက်ရန်အတွက် အကောင်အထည်ဖော်နိုင်ရေး လေ့လာစီမံခဲ့သည်။

ယမန်နေ့ညနေပိုင်းတွင် ပင်လောင်းလမ်းဘေးနှင့် နေရောင်ပြအင်းစိုက်ကွင်းများမှ ရေလျှော့ကျမှု အခြေအနေ၊ တင်းဝါးချောင်း ရေစီးရေလာအခြေအနေများနှင့် နုတ်မြောင်းရေထိန်းတံခါး ယာယီရေကူထုတ်ရေလွှဲလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအနီး ဆင်သေချောင်းရေစီးဆင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ယခင်နေ့အောက် (၃ ဒသမ ၅) ပေခန့် လျော့ကျစီးဆင်းလျက်ရှိသည့်အတွက် ဆင်သေချောင်းအတွင်း တင်းဝါးချောင်းမှ ရေကောင်းမွန်စွာ ထုတ်နုတ်နိုင်မည်ဖြစ်သော်လည်း အချိန်တိုအတွင်း ရေထုတ်နုတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ငလိုက်ချောင်းတစ်လျှောက် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် ချောင်းကမ်းဘေးတစ်လျှောက်နေရာများနှင့် ပျဉ်းမနားမြို့ (၉) လမ်းတံတား၊ (၆) လမ်းတံတား၊(၄)လမ်းတံတားနှင့်အာဟာရသုခဈေးအနီးရှိ ပညာပန်းတိုင်တံတားများမှ ရေစီးထွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ငလိုက်ချောင်း တစ်လျှောက် ရေစီးဆင်းမှုအခြေအနေများတစ်နေရာနှင့် တစ်နေရာ ကြိုတင်ခန့်မှန်းနိုင်ရန်နှင့် စောင့်ကြည့်လေ့လာသုံးသပ်နိုင်ရန်အတွက် ရေမှတ်တိုင်များထားရှိရန်၊ ငလိုက်ချောင်းအတွင်း စီးဝင်သော တောင်ညိ



ချောင်းနှင့် တံခွန်တိုင်ချောင်း ရေစီးရေလာ အခြေအနေများကို အချိန်နှင့်အမျှ စောင့်ကြည့်စစ်ဆေးနေ၍ လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလွှဲဆည်သို့ ရောက်ရှိရာ ရေလွှဲဆည်ကြံ့ခိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ သဲထုတ်ရေတံခါးများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ အထက်ပေါင်းလောင်း ရေလှောင်တမံရေပိုလွှဲမှ ရေကျော်ကျမှု အခြေအနေ၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံမှ စီးထွက်ရေ၊ အောက်ပေါင်းလောင်း ရေလှောင်တမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ၊ အောက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံမှ စီးထွက်ရေ၊ အောက်ပေါင်းလောင်းတမံနှင့် ပေါင်းလောင်းရေလွှဲဆည်ကြား စီးဝင်ရေနှင့် ပေါင်းလောင်း ရေလွှဲဆည်မှ ရေကျော်ကျမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်း ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၇**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်(တောင်ငူ)တို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နည်းပညာတက္ကသိုလ်(တောင်ငူ)၌ ကျင်းပသည်။




ဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း၊ ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်း၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်(တောင်ငူ) ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ကော်မရှင်အဖွဲ့ဝင်က လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်များ ဖြစ်ကြောင်း၊ ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန် လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် ခေါင်းဆောင်ကောင်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ **"ခေါင်းဆောင်ရာတွင်သာ တော်နေသူမဟုတ်ဘဲ ကျင့်ဝတ်နှင့် လျော်ညီသည့် ရလဒ်များ ရရှိရန်အတွက် ထိထိရောက်ရောက် ဦးဆောင်ဦးရွက်ပြုနိုင်သူ"** ဟု ဖွင့်ဆိုကြောင်း၊ ကျင့်ဝတ်နှင့် ခေါင်းဆောင်မှုသည် ချိတ်ဆက်လျက် ရှိနေကြောင်း၊ လူငယ်များသည် ပြဿနာများကို ဖြေရှင်းရာတွင် တီထွင်ဖန်တီးနိုင်စွမ်းရှိကြောင်း၊ လူငယ်များအနေဖြင့် ဆန်းသစ်သည့် အတွေးအခေါ်များနှင့် ခေတ်မီနည်းပညာအသစ်များကို ကောင်းမွန်စွာ အသုံးချ၍ အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကို ပိုမိုထိရောက်စွာ တိုက်ဖျက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာ၌ ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသော Integrity Pact များ ဖြစ်ပေါ်လာစေရန် နိုင်ငံသားတိုင်းက ကျင့်ဝတ်များကို ကိုယ်စီစောင့်ထိန်းလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ နည်းပညာတက္ကသိုလ်(တောင်ငူ)မှ ကျောင်းသားကျောင်းသူများက ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းကြပြီး ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသားကျောင်းသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်တော်တွင် ရေဆင်းကောင်းစေရန်နှင့် ရှေးဟောင်းသဲကျောက်ပြားကြီးများကို ညီညာပေါ်လွင်စေရေး ပြုပြင်ထိန်းသိမ်းရန် ရှေး/သုက ကြီးကြပ်၍ လုပ်ငန်းများဆောင်ရွက်နေ



**ရန်ကုန် ဩဂုတ် ၂၇**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်တော်တွင်ရေဆင်းကောင်းစေရန်နှင့် ရှေးဟောင်းသဲကျောက်ပြားကြီးများကို ညီညာပေါ်လွင်စေရေး ပြုပြင်ထိန်းသိမ်းရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း Bagan Arch မှ ထုတ်ပြန်ထားချက်အရ သိရသည်။

လက်ရှိတွင် ရွှေစည်းခုံစေတီတော်ကြီး၏ ရင်ပြင်တော်တွင် မိုးရွာသွန်းပြီးနောက် ရေတင်ကျန်မှုများဖြစ်ပေါ်၍ ရေဆင်းကောင်းစေရန် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်နှင့်ရှေးဟောင်းသဲကျောက်ပြားကြီးများကို ညီညာပေါ်လွင်စေရေး ပြုပြင် ထိန်းသိမ်းရန်အတွက် (၈၇'x၂၆') အတွင်း တစ်မီတာ Grid ကွက်များ Pattern ပြုလုပ်၍ စနစ်တကျ Documentation ပြုလုပ် ဆောင်ရွက်ခြင်း၊ သဲကျောက်ပြားများကို တိုင်းတာ သုတေသန ပြုလုပ်ခြင်း၊ သဲကျောက်ပြားများ၏ ကြားလပ်နေသောနေရာတွင် အစားထိုး ဖြည့်စွက်နိုင်ရေး ပုံထုတ်ရေးဆွဲခြင်း၊ ရေဆင်းကောင်းမွန်စေရေး သဲကျောက်ပြားကြားတွင် ရှိသော အင်္ဂတေလွှာများအား ဖယ်ရှား၍ Level ညှိခြင်းလုပ်ငန်းနှင့် ရွှေစည်းခုံဘုရားရှိ ကျောက်သပိတ်များ၏ ထုံးအင်္ဂတေများ ကြေးချွတ်သန့်စင်ခြင်းလုပ်ငန်းတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း Bagan Arch မှ အသိပေးထုတ်ပြန်ထားသည်။

ပုဂံဒေသသည် ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြစ်သော်လည်း ရာသီဥတုအပြောင်းအလဲများအရ မိုးသည်းထန်စွာရွာသွန်းချိန်တွင် မိုးရေများ ကောင်းစွာ မစီးဆင်းနိုင်ဘဲ ဘုရားများအနီးတွင် ရေဝပ်ခြင်း၊ ဘုရားစေတီများ၏ ပရိဝုဏ်အတွင်း ရေဝပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

ပုဂံခေတ်ကတည်းကရှိခဲ့သော ရေလမ်းကြောင်းများမှာ လမ်းများဖော်ဆောင်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း စသည်တို့ကြောင့် ရေလမ်းကြောင်းများ ပိတ်ဆို့၍ ရေဝပ်ခြင်းများဖြစ်ပေါ်လာခြင်းဖြစ်၍ မူလရေလမ်းကြောင်းကို ဌာနအနေဖြင့် ပြန်လည်ဖော်ထုတ် လေ့လာခြင်းများ ဆောင်ရွက်သည့်အပြင် ရှေးဟောင်း အဆောက်အအုံ ပရိဝုဏ်အတွင်း ရေမဝပ်စေရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင် အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကို ထုတ်ပြန်ထားသော ဥပဒေများ၊ စီမံခန့်ခွဲရေးမူဘောင်များ၊ လမ်းညွှန်ချက်များအရ ဆောင်ရွက်လျက်ရှိကြောင်း ဌာနက အသိပေးထားသည်။ **MT**

## ၂၀၂၄ ခုနှစ်၊ မိုးနှောင်းကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၇**

၂၀၂၄ ခုနှစ်၊ မိုးနှောင်းကာလသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်နေ့)မှစ၍ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်ပါသည်။

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်–

(က) စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊

( ခ ) စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၆ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊

( ဂ ) စက်တင်ဘာလ ၂၇ ရက်နေ့မှ အောက်တိုဘာလ ၂ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊

(ဃ) အောက်တိုဘာလ ၃ ရက်နေ့မှ ၈ ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ။

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း(၃)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၂)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။

### ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၆ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာလ ၂၇ ရက်နေ့မှ အောက်တိုဘာလ ၂ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်ပါသည်။

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။ **မိုး/ဇလ**



နိုင်ငံတော်ကာကွယ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် မိမိတို့မြို့နယ်အတွင်း လုံခြုံရေးကိစ္စရပ်များတွင် တစ်ဖက်တစ်လမ်းမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် စိတ်အေးချမ်းသာယာစွာ လုပ်ကိုင်နိုင်စေရန်နှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအား ဆန်၊ ဆီ (ရိက္ခာများ) ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းနှင့် ဝန်ထမ်းများ၊ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။) **ကျော်စွာ (စဉ့်ကိုင်)**

❖ *ကျောဖုံးမှ*

ရှုံးပွဲထပ်မံကြုံတွေ့ပြီး ဇယားအောက်ပိုင်းမှ ရုန်းထွက်နိုင်ခြင်း မရှိသေးပေ။

ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာ သိပ္ပံအသင်းက ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် သုံးမှတ်အကွာသို့ ရောက်ရှိလာသည်။ ယခုပွဲမတိုင်မီ ရာသီဝက်ချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ၃၁ မိနစ်တွင် ထက်မြတ်လွင်က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်း ယူသော်လည်း အား/ကာသိပ္ပံအသင်းအတွက် ၅၁ မိနစ်တွင် ရှိုင်းကိုကိုဇော်က ချေပဂိုးနှင့် ၅၈မိနစ်တွင် နေဒွန်းက အနိုင်ဂိုးသွင်းယူခဲ့သည်။ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး–တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ ၄၂ မိနစ်တွင် ဖြိုးခန့်ငြိမ်းက ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း နှစ်မိနစ်အကြာတွင် ဘရန်ဒွန်းလီက ရတနာပုံအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ဒဂုံစတားအသင်းအတွက် အနိုင်ဂိုးကို ၉၀+၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မင်းခန့်ကျော်က သွင်းယူခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ– MNL**

# စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ဖို့ မြေဆီလွှာထိန်းသိမ်းစို့

သစ်တောမောင်



တောင်ပေါ်ဒေသ တောင်စောင်းစိုက်ခင်းတစ်ခုအား မြင်တွေ့ရစဉ်။

**မြေဆီလွှာ (Soil)**

အပင်များ ရှင်သန်ကြီးထွား ဖြစ်ထွန်းအောင်မြင်ရန် အဓိကအားဖြင့် **"မျိုး၊ မြေ၊ ရေ၊ နည်း"** ပြည့်စုံကောင်းမွန်ရန် လိုအပ်ပါသည်။ အဆိုပါ လေးမျိုးအနက် မြေဆီလွှာ (Soil)သည် အပင်များ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုသော အပေါ်ယံမြေလွှာဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြေဆီလွှာဆိုသည်မှာ ကြေကွဲပျက်စီးနေသော သတ္တုများ(Minerals)၊ ဆွေးမြည့်နေသည့် အော်ဂဲနစ်ပစ္စည်းများနှင့် အလွှာအမျိုးမျိုးပါသော သဘာဝမြေသားကို ဆိုလိုပါသည်။ ပြိုကွဲကြေပျက်ပြီးသော တွင်းထွက်သတ္တုများနှင့် ဆွေးမြည့်သက်ရှိပစ္စည်းများ ရောနှောပါဝင် ဖွဲ့စည်းထားသော အရင်းအမြစ်လည်းဖြစ်သည်။ မြေဆီလွှာသည် အစားထိုး မရသော သဘာဝသယံဇာတဖြစ်ပြီး အပင်များကြီးထွားရန်အတွက် အထောက်အကူပြုသည့် ကမ္ဘာ့အပေါ်ယံရှိ အလွှာပါးဖြစ်ပါသည်။ မြေဆီလွှာသည် လူသားတို့အတွက် အစားအစာ၊ ဆေးဝါး၊ အဝတ်အထည်နှင့် နေထိုင်စရာတို့ကို ထောက်ပံ့ပေးနေသည့် သဘာဝသယံဇာတ ဖြစ်ပါသည်။

မြေဆီလွှာတွင် အာဟာရဓာတ်များရှိရန် လိုအပ်သကဲ့သို့ ကောင်းမွန်သော ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းမှုရှိရန်လည်း လိုအပ်ပါသည်။ အကျိုးပြု အဏုဇီဝသက်ရှိများ ကျန်းမာစွာရှိနေနိုင်ရန် မြေသားအတွင်းတွင် ရေနှင့်အောက်ဆီဂျင် စိမ့်ဝင်နေနိုင်ရန်အတွက် နေရာအလုံအလောက်ရှိရန်လည်း လိုအပ်ပါသည်။ မြေဆီလွှာကို ယေဘုယျအားဖြင့် ရွံ့စေး၊ သဲမြေနှင့် နုန်းမြေဟူသည့် မြေမှုန်အမျိုးအစား သုံးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ **ရွံ့စေးမြေ**သည် အလွန်သေးငယ်သော မြေသားအမှုန်အမွှားများ အတူစုပေါင်းပြီး ကြီးမားသော မြေသားအနေဖြင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ရွံ့စေးမြေသည် မြေဆီကြွယ်ဝသော်လည်း ၎င်းမြေသား၏ လျင်မြန်စွာ သိပ်သည်းမှုကြောင့် စိုက်ပျိုးရန် မြေပြုပြင်သည့်အခါ ခက်ခဲမှုရှိနိုင်ပါသည်။ **သဲမြေ**သည် ဖွာသည့်အနေအထားရှိပြီး စိုက်ပျိုးခြင်းအတွက် မြေပြုပြင်ရာတွင် အလွယ်တကူဆောင်ရွက်နိုင်သော်လည်း လျင်မြန်စွာ ခြောက်သွေ့ပြီး အာဟာရဓာတ်များ ပါဝင်မှုနည်းပါးကာ လျင်မြန်စွာ ပျောက်ကွယ်ဆုံးရှုံးသွားလေ့ရှိပါသည်။ **နုန်းမြေ** သည် သီးနှံစိုက်ပျိုးရန်အတွက် အကောင်းဆုံး မြေအမျိုးအစားဖြစ်ပါသည်။ ၎င်းမြေမှာ အော်ဂဲနစ်ပစ္စည်းများ ကြွယ်ဝစွာပါဝင်ပြီး ရေကိုလည်း ကောင်းစွာ ထိန်းထားနိုင်သည့် ဂုဏ်သတ္တိများရှိသဖြင့် သစ်ပင်များ အောင်မြင်ဖြစ်ထွန်းရန် အလွန်အရေးပါပါသည်။

**မြေဆီလွှာပျက်စီးရခြင်းအကြောင်းရင်းများ**

မြေဆီလွှာအပေါ်ယံမြေ တစ်လက်မဖြစ်ပေါ်ရန် နှစ် ၅၀၀ မှ ၁၀၀၀ အထိ ကြာနိုင်သော်လည်း မိနစ်ပိုင်း၊ အချိန်ပိုင်းအတွင်း ပျက်စီးဆုံးရှုံးနိုင်ပါသည်။ မြေဆီလွှာပျက်စီးဆုံးရှုံးရခြင်း အကြောင်းရင်းအမျိုးမျိုးရှိပါသည်။ အဓိကအကြောင်းရင်းများမှာ သစ်တောများပြုန်းတီးခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ စားကျက်အလွန်အကျွံ လွှတ်ကျောင်းခြင်း၊ ရွှေ့ပြောင်းတောင်ယာများ ချဲ့ထွင်ခြင်း၊ ရွှေ၊ ကျောက်မီးသွေးနှင့် ဓာတ်သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခြင်း၊ သစ်တောမြေမှ အခြားမြေအသုံးချမှုသို့ ပြောင်းလဲခြင်း၊ စိုက်ပျိုးနည်းစနစ်များ မမှန်ကန်ခြင်း၊ ရေနှင့်လေတိုက်စားခြင်း၊ ဆား/ဆပ်ပြာပေါက်ခြင်း၊ မြေချဉ်ခြင်း၊ အာဟာရဓာတ်များ ယုတ်လျော့လာခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်း စသည့် အကြောင်းရင်းများဖြစ်သည်။

မြေဆီလွှာပျက်စီးခြင်း၏ လက္ခဏာများမှာ များပြားပြီး အထူးသဖြင့် မြေဆီဩဇာကျဆင်းခြင်း၊ အချဉ်ဓာတ်ဖြစ်ထွန်းခြင်း၊ ဆားရည်ထွက်ခြင်း၊ အယ်လ်ကာလီဆန်ခြင်း၊ မြေဆီလွှာတည်ဆောက်မှု ယိုယွင်းခြင်း၊ လေနှင့်ရေတိုက်စားခြင်း၊ အော်ဂဲနစ်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် မြေဆီလွှာအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းဆုံးရှုံးခြင်း စသည်တို့ ပါဝင်သည်။ မြေဆီလွှာပျက်စီးခြင်းများကို အောက်ဖော်ပြပါအတိုင်း ခွဲခြားလေ့လာနိုင်ပါသည်-

**ရုပ်ဂုဏ်သတ္တိများ ပျက်စီးခြင်း**

မြေဆီလွှာအား ရေနှင့်လေ တိုက်စားခြင်းကြောင့် မြေစိုင်မြေခဲများ ကြေမွပျက်စီးကာ လေပေါက်ရေပေါက်များကို ပိတ်ဆို့ပြီး ရေစိမ့်ဝင်မှု လျော့နည်းခြင်း၊ ခြောက်သွေ့သည့်အခါတွင်လည်း မြေမှုန့်များဖွဲ့စည်းမှု အားနည်းခြင်းကြောင့် မြေသားဖွဲ့စည်းတည်ဆောက်မှုကို ပျက်စီးစေပါသည်။ ကျပ်သိပ်နေသောမြေများသည် ကျစ်လျစ်သိပ်သည်းပြီး မြေဆီလွှာထဲတွင်ရှိသည့် အပေါက်ငယ်လေးများ၏ ပမာဏကို လျော့နည်းစေကာ ၎င်းအတွင်းတွင်ရှိနေသော ရေ၊ လေနှင့် အဏုဇီဝသက်ရှိများကို ကန့်သတ်ထိန်းချုပ်မှု ဖြစ်စေပါသည်။ အကြီးစားလယ်ယာသုံး စက်ကိရိယာများ အသုံးပြုခြင်း၊ ထွန်ယက်စိုက်ပျိုးမှု စနစ်မမှန်ကန်ခြင်းတို့ကြောင့် မြေကျပ်ခြင်းကို ဖြစ်ပေါ်စေပြီး အပင်များ ကြီးထွားရှင်သန်မှုကို ထိခိုက်စေပါသည်။

ရေတိုက်စားခြင်းကြောင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိများ ပျက်စီးစေနိုင်ပါသည်။ ရေတိုက်စားမှုကြောင့် အပေါ်ယံမြေဆီလွှာများ ရေနှင့်အတူ တိုက်စားသယ်ဆောင်ခြင်းခံရပြီး မြေဆီမြေနှစ်များ ဆုံးရှုံးကာ အောက်ခံကျောက်သားအထိ ပေါ်လာပြီး သစ်ပင်များ စိုက်ပျိုးရှင်သန်နိုင်ရန် အလွန်ခက်ခဲစေပါသည်။ ရေတိုက်စားခြင်းကို အမျိုးအစားခွဲခြားလေ့လာပါက Sheet Erosion (အလွှာလိုက်တိုက်စားခြင်း)၊ Rill Erosion (မြောင်းငယ်အဆင့် တိုက်စားခြင်း)၊ Gully Erosion (လျှိုမြောင်အဆင့် တိုက်စားခြင်း)၊ Micro-pedestal/Macro-pedestal (မြေလုံး၊ မြေခဲများဖြစ်ပေါ်ခြင်း)၊ Piping (ပြွန်ပုံ၊ လိုဏ်ခေါင်းပုံ တိုက်စားခြင်း)၊ Land Slide ( ဒေါင်လိုက် မြေပြိုကျခြင်း)ဟူ၍ ခွဲခြားထားသည်ကို တွေ့ရပါသည်။

အလားတူ လေတိုက်စားခြင်း (Wind Erosion) သည်လည်း မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိများ ပျက်စီးစေနိုင်ပါသည်။ လေတိုက်ခတ်မှုကြောင့် မြေမှုန်များ တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားခြင်းကို လေတိုက်စားခြင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ ပူပြင်းခြောက်သွေ့သည့် လေပူများနှင့် လေနှင့်အတူပါလာသည့် သဲများပွတ်တိုက်ခြင်းကြောင့် အပင်များနှင့် သီးနှံပင်များ ကြီးထွားဖွံ့ဖြိုးမှုကိုလည်း ထိခိုက်စေပါသည်။ လေတိုက်ခတ်မှုနှုန်းပေါ်မူတည်ပြီး အရွယ်အစားအမျိုးမျိုးရှိသော မြေသားကို အကွာအဝေးတစ်ခုသို့ သယ်ဆောင်သွားနိုင်ပါသည်။ ဥပမာ (၀ ဒသမ ၀၅ မီလီမီတာ) အရွယ်အစားရှိ မြေစေး နုန်းနှင့် မြေဆွေးဓာတ်များကို အလွန်ဝေးကွာသည့်နေရာသို့ သယ်ဆောင် တိုက်စားခြင်း (Suspension)၊ (၀ ဒသမ ၀၅ - ၀ ဒသမ ၅ မီလီမီတာ) ခန့် အရွယ်အစားရှိသည့် သဲများကို သယ်ဆောင်တိုက်စားခြင်း (Saltation)၊ (>၀ ဒသမ ၅ - ၂ မီလီမီတာ) အရွယ်အစားကြီးသည့် ကျောက်ခဲနှင့် ပစ္စည်းများကို သယ်ဆောင်တိုက်စားခြင်း (Creep)များကို တွေ့နိုင်ပါသည်။

**ဓာတ်ဂုဏ်သတ္တိများပျက်စီးခြင်း**

အချို့သော မြေသည် မြေချဉ်/ငန်ဓာတ် အလွန်ပြင်းထန်သော အခြေအနေများရှိပါသည်။ ဆိုးဆိုးရွားရွား မြေချဉ်ခြင်း၊ ငန်ခြင်း ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ မြေများတွင် အဏုဇီဝ သက်ရှိလေးများ၏ လုပ်ဆောင်ချက်များကို ထိခိုက်ပျက်စီးစေပြီး ရေရှည်တွင် မြေဆီလွှာ၏ ကျန်းမာရေးကို ထိခိုက်နိုင်ပြီး အပင်များ ရှင်သန်ကြီးထွားနိုင်မှုအပေါ်တွင် သက်ရောက်မှုများ ဖြစ်စေပါသည်။

မြေချဉ်ခြင်းဖြစ်စဉ်တွင် အဓိကအားဖြင့် အငန်ဓာတ်များ ရေနှင့်အတူ စိမ့်ဝင်ပျောက်ဆုံးပြီး မြေမှုန်များတွင် ဟိုက်ဒရိုဂျင်နှင့် အလူမီနီယမ်အိုင်းယွန်းများ အစားထိုးဝင်ရောက်လာခြင်း၊ အချဉ်ဓာတ်ဖြစ်စေသော အမိုးနီးယားအခြေခံ (ယူရီးယား ဆာလ်ဖာ) ဓာတ်မြေဩဇာများ သုံးစွဲခြင်း၊ အငန်ဓာတ်များ ရေနှင့်အတူ စိမ့်ဝင်ပျောက်ဆုံးပြီး မြေမှုန်များတွင် ဟိုက်ဒရိုဂျင်နှင့် အလူမီနီယမ်အိုင်းယွန်းများ အစားထိုးဝင်ရောက်လာခြင်း၊ စိုက်ပျိုးသီးနှံပင် အကြွင်းအကျန်များ ဆွေးမြည့်သည့်ဖြစ်စဉ်မှ ဟိုက်ဒရိုအိုင်းယွန်းများ ထွက်ရှိခြင်း၊ ရေဝပ်သော ဒီရေတောများတွင် Acid Sulphate Soil များ ဖြစ်ပေါ်ခြင်းတို့ကြောင့် မြေချဉ်များ ဖြစ်ပေါ်စေပါသည်။ အဆိုပါ မြေအချဉ်ဓာတ်ရှိသည့် မြေများတွင် Calcium Dolomatic Lime Stone (ကယ်လ်ဆီယမ် ဒိုလိုမိုက် ခေါ် ထုံးကျောက်မှုန့်) မဖောက်ထုံးအား ထည့်ပေးခြင်းဖြင့် မြေအချဉ်ဓာတ်ကို လျှော့ချစေနိုင်ပါသည်။

အက်စစ်ဖြစ်ပေါ်မှုကြောင့် သံဓာတ်၊ အလူမီနီယမ်ဓာတ်နှင့် သိပ်သည်းဆမြင့်မားသည့် သတ္တုဓာတ်များ၏ အဆိပ်အတောက်ဖြစ်စေမှုကို တိုးပွားစေပါသည်။ အလွန်အကျွံချဉ်ခြင်း၊ ဆားပေါက်ခြင်း၊ အလူမီနီယမ်နှင့် သံဓာတ်အဆိပ်သင့်ခြင်း၊ အပင်ကြီးထွားရန် အဓိကလိုအပ်သော အာဟာရဓာတ်များ အလွန်နည်းပါးခြင်းနှင့် ဆာလဖိတ်အဆိပ်သင့်ခြင်းတို့ကြောင့် မြေချဉ်များ ဖြစ်ပေါ်စေပြီး ထုတ်လုပ်မှုစွမ်းအားညံ့ဖျင်းသော မြေများအဖြစ် ဖြစ်ပေါ်စေပါသည်။

ဆားပေါက်ခြင်း/ဆပ်ပြာ ပေါက်ခြင်းကြောင့်လည်း မြေဆီလွှာပျက်စီးနိုင်ပါသည်။ ဆားပေါက်ခြင်းဖြစ်စဉ်၌ မိခင်ကျောက်လွှာတွင် ဆိုဒီယမ်များခြင်း၊ မိုးရေချိန်နည်းပါးခြင်း၊ အပူချိန်မြင့်မားခြင်းတို့ကြောင့် မြေအောက်မှဆားများ မျက်နှာပြင်ပေါ် စုပုံလာပြီး ဆားပေါက်ခြင်း၊ ရေသွင်းနည်းစနစ်မမှန်ကန်ခြင်းကြောင့် မြေအောက်ရေ မြင့်တက်ကာ အောက်မှ ဆားများ မျက်နှာပြင်သို့ ရောက်လာခြင်း၊ သွင်းရေအရည်အသွေးညံ့ဖျင်းခြင်းနှင့် ပင်လယ်ရေငန်ဝင်ရောက်ခြင်းကြောင့် ဆား/ဆပ်ပြာပေါက်မြေများ ဖြစ်ပေါ်စေပါသည်။ ဆားပေါက်မြေတွင် အပင်များ ဖြစ်ထွန်းအောင်မြင်ရန် ခက်ခဲပါသည်။

အာဟာရနှင့် ပတ်သက်၍လည်း အပင်များ ရှင်သန်ကြီးထွား အောင်မြင်ရန် အဓိကအာဟာရဓာတ် ၁၆ မျိုးရှိပါသည်။ Macro-nutrient နှင့်

❖ **မြေဆီလွှာထိန်းသိမ်းခြင်းဖြင့် မြေတိုက်စားစီးဆင်းရေ(runoff water)ကို လျော့နည်းစေခြင်း၊ မြေဆီလွှာတိုက်စားခံရမှု လျော့နည်းခြင်း၊ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အပေါ်ယံမြေဆီလွှာအား အကာအကွယ်ပေးခြင်း၊ မြေအစိုဓာတ်ကို ထိန်းပေးခြင်း၊ မြေဆွေးဓာတ်များ မြေထဲသို့ ပြန်လည်ရောက်ရှိစေခြင်း၊ မြေ၏ဂုဏ်သတ္တိများ ကောင်းမွန်လာစေခြင်း၊ မြေဆီလွှာအဆင့်အတန်းတက်လာခြင်း၊ သစ်ပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးလာခြင်း၊ စိုက်ပျိုးရေးဆိုင်ရာဂေဟစနစ်ကို ကောင်းမွန်တည်မြဲစေခြင်း၊ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားလာစေခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်**

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

Micro-nutrient ဟူ၍ အဓိကအုပ်စုနှစ်မျိုး ခွဲခြားထားပါသည်။ Macro-nutrients တွင် ကာဗွန် (C)၊ အောက်ဆီဂျင် (O)၊ ဟိုက်ဒရိုဂျင် (H)၊ နိုက်ထရိုဂျင် (N)၊ ဖော့စဖရပ် (P)၊ ပိုတက်စီယမ် (K)၊ ကယ်လ်စီယမ် (Ca)၊ မဂ္ဂနီစီယမ် (Mg)၊ Sulphur (S) သည် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များဖြစ်ပြီး အပင်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပမာဏများစွာ လိုအပ်ပါသည်။ အခြားတစ်ဖက်တွင်မူ Micro-nutrients တွင် သံဓာတ် (Fe)၊ ဇင့် (Zn)၊ မန်းဂနိစ် (Mn)၊ ဘိုရွန် (B)၊ ကော့ပါး (Cu)၊ မိုလစ်ဘဒင်နမ်(Mo) နှင့် ကလိုရင်း (Cl)တို့ ပါဝင်ပါသည်။ အဆိုပါ အာဟာရဓာတ်များသည် ပမာဏအနည်းငယ်သာ လိုအပ်သော်လည်း ၎င်းတို့သည် အပင်ဖွံ့ဖြိုးမှုနှင့် ကြီးထွားမှုအတွက် အရေးပါလျက်ရှိပါသည်။ အာဟာရဓာတ်များမညီမျှခြင်းနှင့် အာဟာရလုံလောက်စွာ မရသောကြောင့်လည်း အပင်များကြီးထွားရှင်သန်အောင်မြင်မှု နည်းပါးခြင်းအကြောင်းအရင်းတစ်ရပ်ဖြစ်ပါသည်။ အပင်များ ကြီးထွားဖွံ့ဖြိုးရန်အတွက် လိုအပ်သော အာဟာရဓာတ်များ ဖြည့်ဆည်းပေးရာတွင် မြေဆီလွှာအတွင်း ရှိရင်းစွဲ အာဟာရပါဝင်မှု ညီညွတ်မျှတရန် လိုပါသည်။ အပင်အမျိုးအစားအပေါ်တွင်လည်း မူတည်ပါသည်။

**ဇီဝဂုဏ်သတ္တိများ ပျက်စီးခြင်း**

မြေဆီလွှာဇီဝဂုဏ်သတ္တိများသည် မြေဆီလွှာတွင် တွေ့ရှိရသော သက်ရှိများကို ရည်ညွှန်းပြီး အဏုဇီဝပိုးမွှားများနှင့် Macroplants များ၊ တိရစ္ဆာန်များ ပါဝင်သည်။ မြေဆီလွှာရှိ သက်ရှိများ၏ ကွဲပြားခြားနားမှုများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ မြေဆီလွှာအစာကွန်ရက်ကို ဖွဲ့စည်းတည်ဆောက်ပုံများတွင် အသေးငယ်ဆုံး ဆဲလ်တစ်ဆဲလ် ဗက်တီးရီးယား၊ ရေညှိ၊ မှိုနှင့် ပရိုတိုဇိုးများ အရွယ်အစားအထိ၊ ပိုမိုရှုပ်ထွေးသော Nematodes နှင့် Micro-arthropods အထိ၊ မြင်နိုင်သော မြေသန်ကောင်များ၊ အင်းဆက်များနှင့် ကျောရိုးရှိသတ္တဝါငယ်များအထိ ပါဝင်ပါသည်။ အချို့သော မြေဆီလွှာသတ္တဝါများသည် အပင်များတွင် ရောဂါဖြစ်စေနိုင်သော်လည်း မြေဆီလွှာတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်အများစုသည် မြေဆီလွှာအရည်အသွေးအတွက် အရေးကြီးပါသည်။

မြေတိုက်စားခြင်း၊ သစ်တော၊ သစ်ပင်များ ပြုန်းတီးလာမှုကြောင့် မြေဆွေးဓာတ်များ လျော့နည်းလာခြင်း၊ သီးနှံအကြွင်းအကျန်များ မီးရှို့ခြင်း၊ စိုက်ပျိုးနည်းစနစ်များ မမှန်ကန်ခြင်း၊ မြေယာအသုံးချမှုပုံစံပြောင်းလဲခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်းတို့ကြောင့် မြေဆီလွှာတွင် Micro နှင့် Macro organism များလျော့နည်းသွားပြီး အပင်များ ရှင်သန်ကြီးထွားမှုအပေါ် သက်ရောက်စေနိုင်ပါသည်။ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး/ပေါင်းသတ်ဆေးပစ္စည်းနှင့် မိလ္လာစွန့်ပစ်ရေများ စနစ်တကျစွန့်ပစ်မှု မရှိခြင်းကြောင့်လည်း မြေဆီလွှာညစ်ညမ်းပြီး မြေဆီလွှာ၏ ဇီဝဂုဏ်သတ္တိ လျော့နည်းပျက်စီးစေနိုင်ပါသည်။

**မြေဆီလွှာထိန်းသိမ်းခြင်း**

မြေဆီလွှာအရည်အသွေးကျဆင်းခြင်း၊ မြေဆီလွှာပျက်စီးခြင်းကြောင့် ဆုံးရှုံးမှုကြီးမားစွာ ဖြစ်ပေါ်နိုင်ပါသည်။ မြေဆီလွှာ၊ ရေသယံဇာတနှင့် သစ်တော၊ သစ်ပင်များသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်နေသဖြင့် မြေ၊ ရေနှင့် သစ်တော၊ သစ်ပင်များကို ဘက်စုံကဏ္ဍစုံ နည်းလမ်းအမျိုးမျိုးဖြင့် ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။ မြေဆီလွှာတိုက်စားဆုံးရှုံးမှုကို လျော့နည်းသက်သာစေရန်နှင့် ရေသယံဇာတများ ထိန်းသိမ်းရန် သစ်တော၊ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းသည် အခြေခံအကျဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး၊ ရိုးရှင်းလွယ်ကူဆုံး၊ လူတိုင်းလူတိုင်း နေရာဒေသမရွေး ဆောင်ရွက်နိုင်ဆုံးသော နည်းလမ်းတစ်ခု ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ရာသီဥတုပြောင်းလဲမှု လျော့ချရန်နှင့် လိုက်လျောညီထွေရှိစေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကို အထောက်အကူပြုစေရန်၊ မြေဆီလွှာအာဟာရဓာတ်များ တိုးတက်ကောင်းမွန်စေရန်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာစေရန်၊ အပူပိုင်း မိုးခေါင်ရေရှားဒေသများတွင် မိုးရေအား စုဆောင်းရန်နှင့် ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြစ်၊ ချောင်း၊ ဆည်၊ ကန်၊ တာတမံများ၏ ရေဝေရေလဲဒေသများတွင် ရေဝေရေလဲ သဘာဝတောများ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲ စိုက်ခင်းများ၊ သစ်ပင်များ စိုက်ပျိုးခြင်းသည် အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်ပါသည်။ မြေဆီလွှာထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း နေရာဒေသအလိုက် သင့်လျော်ရာ နည်းလမ်းများကို အသုံးပြုဆောင်ရွက်နိုင်ပါသည်။ မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများ နည်းလမ်းများစွာရှိရာ ရုပ်ဝတ္ထုများ အသုံးပြုထိန်းသိမ်းခြင်း (Physical Measures)၊ သက်ရှိများအသုံးပြုထိန်းသိမ်းခြင်း (Biological Measures) နှင့် စိုက်ပျိုးရေးနည်းစနစ်များဖြင့် ထိန်းသိမ်းခြင်း (Agronomic Measures) အဓိကအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

**(က) ရုပ်ဝတ္ထုများ အသုံးပြုထိန်းသိမ်းခြင်း (Physical Measures)**

(၁) **ကွန်တိုကန်သင်းတည်ဆောက်ခြင်း** - ကုန်းစောင်းဒေသများတွင် မြေသားထုပါက မြေသားကန်သင်း၊ မြေသားပါးပါက ကျောက်စီကန်သင်း၊ ကွန်တိုအလိုက် ပြုလုပ်၍ မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေစိမ့်မြောင်းနှင့် ရေလွှဲမြောင်းများ တူးဖော်ပေးခြင်း၊ နုန်းတားဆည်များ၊ တစ်ဖက်ရပ်ဆည်များ တည်ဆောက်ပေးခြင်း စသည်တို့ ဖြစ်ပါသည်။

(၂) **နုန်းတားဆည်/ကန်သင်း တည်ဆောက်ခြင်း** - ရေဝေရေလဲ ဧရိယာများတွင် အမာခံကျောက်ဖြင့် ကန်သင်းပြုလုပ်၍ မြေဆီလွှာထိန်းသိမ်းခြင်းဖြစ်ပါသည်။

(၃) **ရေကျော်ကျောက်တန်း တည်ဆောက်ခြင်း** - လျှိုလက်တက်များတွင် ရေစီးနှုန်း နှေးသွားစေရန် ရေကျော်ကျောက်တန်းများ တည်ဆောက်ခြင်းဖြစ်ပါသည်။

(၄) **ရေစုကျင်း၊ ရေစုကန်များ တည်ဆောက်ခြင်း** - အပူပိုင်းဒေသ၊ မိုးရေချိန်လက်မ နည်းပါးသောနေရာများတွင် မိုးရေကို စုဆောင်းနိုင်သော ရေစုကန်များ တူးဖော်ပြီး ဒေသခံပြည်သူများအတွက် သော်လည်းကောင်း၊ တိရစ္ဆာန်များအတွက်သော်လည်းကောင်း၊ သစ်တော၊ သစ်ပင်များအတွက် လည်းကောင်း၊ သီးနှံများ ရေလိုအပ်ချိန်တွင် ဖြည့်စွက်ရေပေးသွင်းနိုင်ရန်အတွက် လည်းကောင်း ရည်ရွယ်တည်ဆောက် အသုံးပြုခြင်းဖြစ်သည်။

(၅) **စိုက်ကျင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်း**- အပူပိုင်းဒေသ တောင်စဉ်တောင်တန်းများ၊ လျှောစောက်မြင့်မားသော တောင်ကုန်း၊ တောင်စောင်းများတွင် Zigzag ပုံစံဖြင့် သစ်ပင်များ စိုက်ပျိုးခြင်းနှင့် မိုးရေအများဆုံး စုဆောင်းဖမ်းထိန်းနိုင်ရန် ကွန်တိုအလိုက် မြောင်းရှည်များ တူးခြင်း၊ ရေစုကျင်းငယ်များ တူးဖော်၍ ရေထိန်းခြင်းဖြစ်သည်။

**(ခ) သက်ရှိများအသုံးပြု ထိန်းသိမ်းခြင်း (Biological Measures)**

(၁) **တောင်စောင်းစိုက်ပျိုးရေးစနစ်** - လျှောစောက် ၃ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအတွင်း တောင်စောင်းများတွင် ကွန်တိုလိုင်းအလိုက် အကန့်လိုက် သီးနှံများ စိုက်ပျိုးခြင်းဖြစ်သည်။

(၂) **ကွန်တိုလိုင်းအတိုင်း သီးနှံပင်များ၊ မြက်များကိုစိုက်ပျိုးခြင်း** - လျှောစောက် ၃-၅ ရာခိုင်နှုန်းရှိသည့်နေရာများတွင် နှစ်ရှည်ခံမြက်များ၊ နွားစာမြက်များ (နေပီယာမြက်၊ Vetiver grass) စပါးလင်နှင့် နာနတ်ကဲ့သို့ သီးနှံများ မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးရန် ကွန်တိုအလိုက် စိုက်ပျိုးခြင်းဖြစ်သည်။

(၃) **မြေဆီလွှာဖုံးပင်များစိုက်ပျိုးခြင်း** - မြေဆီလွှာအပေါ် မျက်နှာပြင်အား တိုက်စားခြင်းမှ ကာကွယ်ရန်၊ အစိုဓာတ်ထိန်းထားနိုင်ရန်၊ အာဟာရပြန်လည်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပဲမျိုးရင်းဝင်အပင်များအား မြေဆီလွှာဖုံးပင်အဖြစ် စိုက်ပျိုးခြင်း ဖြစ်ပါသည်။

(၄) **လေကာပင်များစိုက်ပျိုးခြင်း** - လေတိုက်စားခြင်းမှ ကာကွယ်ရန် စိုက်ခင်းနယ်နိမိတ်တစ်လျှောက်တွင် ဒေသအလိုက် သင့်တော်သည့်အပင်များ စိုက်ပျိုးခြင်းဖြစ်သည်။ ဥပမာ- ပင်လယ်ကဗွီး၊ အုန်း၊ ယူကလစ်၊ ထန်း၊ ဘောစကိုင်း၊ မဲဇလီ၊ မန်ကျည်း၊ တမာ၊ ဝါး၊ မိုးမခ၊ မြေပြန့်ချယ်ရီ၊ ပဲစင်းငုံ၊ နံ့စားပြောင်း၊ သီဟိုဠ်သရက်၊ ငှက်ပျော၊ နှစ်ရှည်သီးနှံပင် စသည်တို့ကို စိုက်ပျိုးခြင်းဖြစ်သည်။

(၅) **သစ်စိမ်းမြေဩဇာနှင့် သဘာဝမြေဩဇာထည့်သွင်းခြင်း** - ပိုက်ဆံလျှော်ကဲ့သို့ ပဲမျိုးရင်းဝင်အပင်များနှင့် နိုက်ထရိုဂျင်ပါဝင်မှုများသော အပင်များကို သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုစိုက်ပျိုးခြင်းနှင့် ဆွေးမြည့်ပြီးသော တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများနှင့် အပင်အကြွင်းအကျန်များအား စိုက်ခင်းအတွင်း ထည့်သွင်း အသုံးပြုခြင်းဖြစ်သည်။

**(ဂ) စိုက်ပျိုးရေးနည်းစနစ်များဖြင့် ထိန်းသိမ်းခြင်း (Agronomic Measures)**

(၁) **သီးနှံရောနှောစိုက်ပျိုးခြင်း** - သီးနှံများကို အလှည့်ကျစိုက်ပျိုးခြင်း၊ သီးနှံများ ရောနှောစိုက်ပျိုးခြင်းဖြင့် ရောဂါ၊ ပိုးမွှားများ၏ မျိုးဆက်သံသရာစက်ဝန်းကို ဖြတ်တောက်ပေးပြီး မြေဆီလွှာဖွဲ့စည်းမှုကောင်းမွန်စေ၍ မြေဆီဩဇာထက်သန်စေပါသည်။

(၂) **သစ်ရွက်ခြောက်များ၊ သီးနှံအကြွင်းအကျန်များဖြင့် မြေကိုဖုံးအုပ်ကာကွယ်ခြင်း** - ပင်ကြွင်းပင်ကျန်များဖြစ်သည့် သစ်ရွက်ခြောက်များ၊ ကောက်ရိုး၊ စပါးခွံ၊ မြေပဲရိုး၊ မြေပဲခွံ၊ နှမ်းရိုး၊ ပဲရိုး၊ ပြောင်းရိုး၊ မြက်ခြောက်များဖြင့် မြေကြီးကို ဖုံးအုပ်ခြင်း ဖြစ်ပါသည်။

(၃) **ပေါင်းကြီးတင်စနစ်ဖြင့် စိုက်ပျိုးခြင်း**- ရှားသွန်းသောမိုးရေကို ထိန်းထားနိုင်ပြီး ရေနုတ်မြောင်းပါရှိသဖြင့် ရေဝပ်ခြင်း မရှိစေဘဲ ရေထုတ်ရလွယ်ကူစေပါသည်။ မြေတိုက်စားမှုကို လျှော့ချပေးနိုင်ပြီး ခြောက်သွေ့ရာသီတွင် အစိုဓာတ်ကို ထိန်းထားပေးနိုင်ပါသည်။

(၄) **သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း**- ရာသီသီးနှံများ၊ နှစ်ရှည်သီးနှံပင်များနှင့် သစ်တော၊ သစ်ပင်များ ပုံစံမျိုးစုံဖြင့် ရောနှော၍ စိုက်ပျိုးသည့်နည်းစနစ်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှုအား လျော့နည်းသက်သာစေသည့် စိုက်ပျိုးခြင်းနည်းစနစ် ဖြစ်ပါသည်။

(၅) **မြေလှပ်ထားခြင်း၊ နွေထယ်ရေးခံခြင်း**- မြေလှပ်ထားခြင်း၊ နွေထယ်ရေးခံခြင်းအားဖြင့် မိုးရေကို ထိန်းသိမ်းပေးခြင်း၊ ပိုးမွှားရောဂါ ကာကွယ်ပေးခြင်း၊ မြေဆီလွှာဖွဲ့စည်းမှုကို ကောင်းမွန်စေပြီး လေဝင်လေထွက်ကောင်းမွန်ခြင်း၊ မြေအတွင်း အစိုဓာတ်နှင့် အာဟာရဓာတ်ဆုံးရှုံးမှုကို ထိန်းထားပေးနိုင်သည်။

**"မြေဆီလွှာ အပေါ်ယံမြေ တစ်လက်မ ဖြစ်ပေါ်ရန် နှစ် ၅၀၀ မှ ၁၀၀၀ အထိ ကြာနိုင်သော်လည်း မိနစ်ပိုင်း၊ အချိန်ပိုင်းအတွင်း ပျက်စီးဆုံးရှုံးနိုင်"**

**စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ဖို့ မြေဆီလွှာထိန်းသိမ်းစို့**

မြေဆီလွှာထိန်းသိမ်းခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ အဓိကအားဖြင့် မြေတိုက်စားစီးဆင်းရေ(runoff water)ကို လျော့နည်းစေခြင်း၊ မြေဆီလွှာတိုက်စားခံရမှု လျော့နည်းခြင်း၊ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အပေါ်ယံမြေဆီလွှာအား အကာအကွယ်ပေးခြင်း၊ မြေအစိုဓာတ်ကို ထိန်းပေးခြင်း၊ မြေဆွေးဓာတ်များ မြေထဲသို့ပြန်လည်ရောက်ရှိစေခြင်း၊ မြေ၏ဂုဏ်သတ္တိများ ကောင်းမွန်လာစေခြင်း၊ မြေဆီလွှာအဆင့်အတန်း တက်လာခြင်း၊ သစ်ပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးလာခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ဂေဟစနစ်ကို ကောင်းမွန်တည်မြဲစေခြင်း၊ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားလာစေခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

သစ်ပင်စိုက်ပျိုးခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်းကဲ့သို့သော မြေဆီလွှာထိန်းသိမ်းခြင်း အစီအမံများသည် မြေဆီလွှာ၏ အာဟာရဓာတ်များနှင့် အော်ဂဲနစ်ပစ္စည်းများကို အကာအကွယ်ပေးပါသည်။ တောင်စောင်းများတွင် ကွန်တိုနည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးခြင်း၊ လေကာပင်တန်းများနှင့် မြေဆီလွှာ ဖုံးလွှမ်းစေသည့်အပင်များ စိုက်ပျိုးခြင်းကဲ့သို့သော ထိန်းသိမ်းရေး နည်းပညာများသည် မြေဆီလွှာကို တိုက်စားပျက်စီးခြင်း သို့မဟုတ် မြေဆီလွှာဆုံးရှုံးခြင်းတို့မှ ဟန့်တားနိုင်သည့် ထိရောက်သောနည်းလမ်းများ ဖြစ်ပါသည်။ မြေဆီလွှာထိန်းသိမ်းခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက်သာမက ဇီဝမျိုးစုံမျိုးကွဲများ ပေါ်တွင်လည်း သက်ရောက်မှုများစွာရှိပါသည်။ ကျန်းမာသော မြေဆီလွှာဂေဟစနစ်သည် အဏုဇီဝသက်ရှိများနှင့် အင်းဆက်ပိုးမွှားများမှ တိရစ္ဆာန်ကြီးများအထိ သက်ရှိများစွာကို ထောက်ပံ့ပေးပါသည်။ မြေဆီလွှာထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် သဘာဝဂေဟစနစ်ကို ကောင်းမွန်စေပါသည်။

မြေဆီလွှာထိန်းသိမ်းရေးသည် စိုက်ပျိုးရေး၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ရာသီဥတု ပြောင်းလဲမှုနှင့် စီးပွားရေးရေရှည်တည်တံ့ခိုင်မြဲရေး စသည့်လုပ်ငန်းနယ်ပယ်များစွာ ရောယှက်ဆက်နွှယ်လျက်ရှိသဖြင့် ဘက်စုံကဏ္ဍစုံ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ နည်းပညာအဆင့်မှသည် မူဝါဒရေးရာအထိ၊ ဒေသခံပြည်သူများ၊ တောင်သူလယ်သမားများ၊ တစ်သီးပုဂ္ဂလဆောင်ရွက်မှုများမှသည် အစုအဖွဲ့များ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအထိ၊ ရပ်ကွက်၊ ကျေးရွာအဆင့်မှသည် နိုင်ငံတော်အဆင့်အထိ အကျိုးဆက်စပ်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

မုံရွာ ဩဂုတ် ၂၇

**စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၈/၂၀၂၄) အစည်းအဝေးကို ဩဂုတ် ၂၇ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမဥ္စကျင်းပရာ အစည်းအဝေးသို့ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



**လိုအပ်သည့်ပံ့ပိုးမှုများပေးနိုင်ရန်**

ဦးစွာ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း အခြေအနေမှန်ကိုသိရှိ၍ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည့်ပံ့ပိုးမှုများ ပေးနိုင်ရန်အတွက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီအစည်းအဝေးကို လစဉ်ပြုလုပ်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်စိန်က ခရီးသွားလုပ်ငန်းကော်မတီ (၇/၂၀၂၄) ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားဝင်ရောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များနှင့် ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားဝင်ရောက်မှု၊ ခရီးသွားဒေသများ ပတ်ဝန်းကျင်များတွင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ လုံခြုံရေးအခြေအနေများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်လေဆိပ်တွင် Mpox (မျောက်ကျောက်) ရောဂါ ကာကွယ်ရေးရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဆောင်ရွက်နေ

**မော်လမြိုင် ဩဂုတ် ၂၇**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Mpox (မျောက်ကျောက်) ရောဂါအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (PHEIC) အဖြစ် ဩဂုတ် ၁၄ ရက်တွင် သတ်မှတ်ကြေညာခဲ့သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း ပြည်ပ နိုင်ငံဖြတ်ကျော် ဝင်ထွက်ပေါက်များ အပါအဝင် လူထုအတွင်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း တိုးမြှင့်ဆောင်ရွက်ခြင်း၊ သီးခြားထားရှိ ကုသမှုပေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ စုဆောင်းထားရှိခြင်း၊ ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။



**ကြည့်ရှုစစ်ဆေး**

ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်လေဆိပ်တွင် ပြည်သူ့ကျန်းမားရေး ဦးစီးဌာန ဝန်ထမ်းများနှင့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့ဝင်များက Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ကိုယ်အပူချိန် တိုင်းတာခြင်း (Mass Thermal Screening)၊ ပြည်တွင်း၊ ပြည်ပ ဆိုက်ရောက် ခရီးသည်များ၏ ကျန်းမာရေး ကြေညာချက် (Health Declaration Form) အား ကျန်းမာရေး တာဝန်ရှိသူများက စစ်ဆေးခြင်း၊ ခရီးသည်များအား Mpox (မျောက်ကျောက်) ရောဂါနှင့်ပတ်သက်၍ နှိုးဆော်ထားရှိခြင်း အစရှိသော ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

**လက်ကမ်းစာစောင်များဝေ**

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါဖြစ်ပွားနိုင်ခြေသတ်မှတ်ချက်အရ Mpox (မျောက်ကျောက်) ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများ ရှိနေသဖြင့် ပြည်သူလူထုအနေဖြင့် ရောဂါကူးစက် ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် ကျန်းမာရေး အသိပညာပေးခြင်း၊ နိုင်ငံအတွင်းသို့ ရောဂါကူးစက်ဝင်ရောက်မှု မရှိစေရေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄) ကို တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ အတွင်းရေးမှူး ဦးတိုးဝင်းက ကော်မတီဝင်များ၏ လုပ်ငန်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးက မွန်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီသို့ တင်ပြလာသည့် လယ်ယာမြေဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြကြသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် ကော်မတီဝင်များက ပြည်နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သက်နိုင်(မော်လမြိုင်)

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“နိုင်ငံရေးအကြောင်းပြ ဖောက်ခွဲဖျက်ဆီးခံနေရသော ပြည်သူပိုင်ရထားလမ်းနှင့် လမ်း/တံတားများ”**ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်သူတွေ ခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထားတိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ဆူဒန်အရှေ့ပိုင်း ဆည်ကျိုးကျမှုကြောင့် လူပေါင်း ၆၀ ထက်မနည်းသေဆုံးပြီး ရာနှင့်ချီပျောက်ဆုံးလျက်ရှိ

ခါတွန် ဩဂုတ် ၂၇

**ဆူဒန်အရှေ့ပိုင်း အာဘတ်ဆည်သည် တနင်္ဂနွေနေ့က ကျိုးကျခဲ့သောကြောင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၆၀ ထက်မနည်းသေဆုံးခဲ့ကာ ရာနှင့်ချီပြီး ပျောက်ဆုံးလျက်ရှိကြောင်း ဆူဒန် အရာရှိတစ်ဦးက တနင်္လာနေ့က ပြောကြားခဲ့သည်။**

**ဆည်အနီးရွာများရေလွှမ်းမိုး**

ဆည်ကျိုးကျခြင်းကြောင့် ဆည်အနီးရွာများ ရေလွှမ်းမိုးခဲ့ကြောင်း ပင်လယ်နီ ပြည်နယ် ရေကော်ပိုရေးရှင်း အကြီးအကဲ အိုမာက ပြောကြားခဲ့သည်။ ရေကာတာဒေသနှင့် အနီးဝန်းကျင်ဒေသတွင်လည်း ကာကွယ်မှုများ ချက်ချင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း ၎င်းက အလေးအနက်ထား ပြောကြားခဲ့သည်။ ထို့အပြင် ရေကြီးခြင်းမှ လွတ်မြောက်ရန် ကြိုးစားသူများသည် မြွေအန္တရာယ်နှင့် ပိုးမွှားအန္တရာယ်များကို သတိထားရန်လည်း ၎င်းက ပြောကြားထားသည်။

**ပိတ်မိနေသူများကို ကူညီရှာဖွေ**

အဓိက ဦးစားပေးလုပ်ဆောင်ရန်မှာ ရေကြီးခြင်းကြောင့် ပိတ်မိနေသူများကို ကူညီရှာဖွေရန် ဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါနေရာသို့ ရောက်ရှိနေပြီဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဖြစ်ပေါ်လာသော ဆည်ကျိုးကျခြင်းကြောင့် အနီးရှိရွာများ ရေလွှမ်းနစ်မြုပ်ပြီး ရွှံ့ညွန်များ တင်ကျန်ရစ်မည်ဖြစ်သည်။

**မိုးသည်းထန်ခြင်းနှင့် ရေကြီးခြင်းဖြစ်ပေါ်နိုင်**

ဇွန်လကတည်းက စတင်ဖြစ်ပေါ်ခဲ့သော မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးခြင်းများကြောင့် နိုင်ငံတစ်ဝန်း လူပေါင်း ၃၁၇၀၀၀ နီးပါး ထိခိုက်ခဲ့သည်။ စက်တင်ဘာလလယ်အထိ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးခြင်းများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။



ဆင်ဟွာ

# အင်ဒိုနီးရှားနှင့် အမေရိကန်နိုင်ငံတို့ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

ဂျကာတာ ဩဂုတ် ၂၇

အင်ဒိုနီးရှားနှင့် အမေရိကန်နိုင်ငံတို့သည် ၎င်းတို့၏ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စတင်လိုက်ပြီး အခြားသောနိုင်ငံများလည်း ပူးပေါင်းပါဝင်ခြင်း သို့မဟုတ် လေ့လာစောင့်ကြည့်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

Super Garuda Shield ဟု အမည်ပေးထားသော ယင်းစစ်ရေးလေ့ကျင့်မှုသည် အင်ဒို-ပစိဖိတ်ဒေသတွင် အကြီးမားဆုံး ဘက်ပေါင်းစုံပါဝင်သော လေ့ကျင့်မှုများထဲမှ တစ်ခုဖြစ်သည်။ ထို့ပြင် ယင်းစစ်ရေး လေ့ကျင့်မှုသည် ဒေသတွင်း လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုကို ထိန်းသိမ်းရေးအတွက် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်သည်ဟု ဆိုသည်။



အင်ဒိုနီးရှားနှင့် အမေရိကန်နိုင်ငံတို့သည် ၂၀၀၇ ခုနှစ်နောက်ပိုင်း နှစ်စဉ်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ ၂၀၂၂ ခုနှစ်တွင် အခြားသောနိုင်ငံများမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ရေး တိုးချဲ့ခဲ့ကြရာ ယခုနှစ်တွင် နိုင်ငံပေါင်း ၂၀ ကျော်မှ တပ်ဖွဲ့ဝင်များ စေလွှတ်ထားကြောင်း သိရသည်။

တနင်္လာနေ့တွင် အရှေ့ဂျာဗားပြည်နယ်ရှိ ဆူရာ ဘရာ ရေတပ်အခြေစိုက်စခန်း၌ ဖွင့်ပွဲအခမ်းအနားပြုလုပ်ရန် တပ်ဖွဲ့ဝင်များ စုစည်းခဲ့ကြသည်။ အင်ဒိုနီးရှားလေတပ်မှ ဗိုလ်ချုပ်ကြီး ဝဒ်ယာဂို အစ်ကိုပူထရာက ယခုနှစ်တွင် ပြုလုပ်သော ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် စစ်ရေးနယ်ပယ်တွင် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန်၊ နှစ်နိုင်ငံအကြားနှင့် နိုင်ငံပေါင်းစုံအကြား စစ်ဘက်ဆက်ဆံရေးကိုခိုင်မာအားကောင်းစေရန်ဖြစ်ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ရာဇဝတ်ဖြစ်ပွားမှု အရေအတွက် ၃၀ ရာခိုင်နှုန်း ကျဆင်းဟုဆို

ကဘူးလ် ဩဂုတ် ၂၇

အာဖဂန်နစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ် ဇူလိုင်လမှ ယခုနှစ် ဇူလိုင်လအထိ ရာဇဝတ်မှုဖြစ်ပွားမှု အရေအတွက် ၃၀ ရာခိုင်နှုန်း ကျဆင်းလာကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များသည် ရာဇဝတ်မှုများကို တိုက်ဖျက်ရာတွင် သိသာထင်ရှားသော အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ရာဇဝတ်ဖြစ်ပွားမှု ၃၀ ရာခိုင်နှုန်း လျော့ကျလာကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မွတ်တီ အဗ္ဗဒူလ် မာတင်းကာနီက ပြောသည်။ ယင်းကာလအတွင်း ရဲတပ်ဖွဲ့ဝင်များသည် လူမှောင်ခိုကူးသူများကို နှိမ်နင်းရေးအတွက် စစ်ဆင်ရေးပေါင်း ၂၅၀ ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောသည်။ ပြန်ပေးဆွဲသူ ၇၆ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်ပွားမှုအတွင်း ၃၄ ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့ပြင် မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် ဆက်စပ်သော စွဲချက်များဖြင့် လူပေါင်း ၁၀ ၅၆၄ ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ မူးယစ်ဆေးဝါးစက်ရုံ ၇၉၀ ကိုလည်း ဖျက်သိမ်းနိုင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တိုင်ဖွန်းမုန်တိုင်း ရှန်ရှန် ဂျပန်နိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်

## နိုင်ငံတစ်ဝန်း မုန်တိုင်းအန္တရာယ်ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်

**တိုကျို ဩဂုတ် ၂၇**

တိုင်ဖွန်းမုန်တိုင်း ရှန်ရှန်သည် ဂျပန်နိုင်ငံတောင်ပိုင်း အမာမိကျွန်းစုများပေါ် ကျရောက်လျက်ရှိသည်။ လေပြင်းတိုက်ခတ်မှုများနှင့် ရေကြီးခြင်းများကို သတိထားရန် ဒေသခံများကို အကြံပေးထားသည်။




တိုင်ဖွန်း မုန်တိုင်းသည် လတ်တလောတွင် အနောက်မြောက်ပိုင်းသို့ ဦးတည်နေသော်လည်း ၎င်း၏ လမ်းကြောင်းကို ခန့်မှန်းရခက်သည်။ အင်္ဂါနေ့မှ ကြာသပတေးနေ့အထိ ဂျပန်နိုင်ငံ အနောက်ပိုင်းမှ အရှေ့ပိုင်းထိ ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက် နေရာအနှံ့ မိုးသည်းထန်စွာ ရွာသွန်းမည်။ လေပြင်းတိုက်ခတ်ခြင်း၊ လှိုင်းကြီးခြင်း၊ မြေပြိုကျခြင်းများကို သတိထားရန် ပြည်သူများကို မိုးလေဝသဌာနက တိုက်တွန်းထားသည်။

အမာမိဒေသတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၄၀ ကီလိုမီတာကျော်မည် ဖြစ်သည်။ ဗုဒ္ဓဟူးနေ့တွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ ကျော်ခဲ့ပြီး အိမ်များနှင့် အခြား အဆောက်အအုံများကို အန္တရာယ် ဖြစ်စေခဲ့သည်။

နိုင်ငံတစ်ဝန်း မုန်တိုင်း အန္တရာယ်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဒေသများတွင် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

ကျူရှူတောင်ပိုင်းတွင် ၂၄ နာရီအတွင်း မိုးရေချိန် ၃၀၀ မီလီမီတာ ထိရှိခဲ့သည်။ အမာမိဒေသတွင် မိုးရေချိန် ၄၀၀ မီလီမီတာဝန်းကျင် ရရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ၌ မိုးရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်ရပ်များကြောင့် လေးဦးထက်မနည်းသေဆုံး

နယူးဒေလီ ဩဂုတ် ၂၇

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်ရပ်များကြောင့် လေးဦးထက်မနည်း သေဆုံးကာ အခြား ခုနစ်ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောသည်။

တနင်္လာနေ့မှ အင်္ဂါနေ့အထိ ဂူဂျာရတ်ပြည်နယ် ဒေသအနှံ့အပြားတွင် သိသိသာသာ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာန (အိုင်အမ်ဒီ) က ပြောသည်။

တနင်္လာနေ့နောက်ပိုင်း မော်ဘီနှင့် ဒါဟွတ်ခရိုင်တို့မှ တစ်ဦးစီနှင့် ဂန်ဒီးနာဂါခရိုင်မှ နှစ်ဦး စုစုပေါင်း သေဆုံးသူ လေးဦးရှိကြောင်း ပြည်နယ်ကယ်ဆယ်ရေး ကော်မရှင်နာ အာလွတ်ခ် ခူမာ ပန်ဒေ၏ ပြောကြားချက်ကို ဒေသမီဒီယာ က ကိုးကားဖော်ပြထားသည်။ ပျောက်ဆုံးနေသော ခုနစ်ဦးကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



## အာဖဂန်နစ္စတန်နိုင်ငံ၌ တစ်နှစ်အတွင်း လမ်းမတော်တဆမှုများကြောင့် လူပေါင်း ၂၀၀၀ ထက်မနည်း သေဆုံးမှုဖြစ်

ကဘူးလ် ဩဂုတ် ၂၇

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် ဇူလိုင်လအထိ လမ်းမတော်တဆမှုများကြောင့် လူပေါင်း ၂၀၀၀ ထက်မနည်း အသက်ဆုံးရှုံးမှုဖြစ်ပွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောသည်။ ယင်းကာလအတွင်း လမ်းမတော်တဆမှုပေါင်း ၄၂၇၀ ခန့်ဖြစ်ပွားခဲ့ကြောင်း ဝန်ကြီးဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ မွတ်တီ အဗ္ဗဒူလ် မာတင်းကာနီက ပြောသည်။ ပျက်စီးနေသော လမ်းများ၊ အရှိန်လွန်မောင်းနှင်ခြင်း၊ ဝန်ပိုတင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်းစသည်တို့သည် လမ်းမတော်တဆမှုဖြစ်ပွားရခြင်း အကြောင်းရင်းများဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ဧကများတွင် မိုးစပါးပြန်လည်ဖြည့်တင်းစိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ရမည်



ပုသိမ် ဩဂုတ် ၂၇

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေပိုင်းကပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြစ်ရေကြီးမှုဖြစ်စဉ်များ၊ မိုးအဆက်မပြတ် ရွာသွန်းမှုဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးအတွင်း၌ ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ဧကများတွင် မိုးစပါးပြန်လည်ဖြည့်တင်းစိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် ကွင်းဆင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပျက်စီးစိုက်ဧကများတွင် အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ဒုတိယသီးနှံ အောင်ရေရရှိရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်း တင်ပြကြရမည်ဖြစ်ပါကြောင်း၊ ပျက်စီးစိုက်ဧကများအား အစားထိုးပြန်လည်ဖြည့်တင်းဆောင်ရွက်ရာတွင် မျိုးစေ့ထုတ်ကုမ္ပဏီများ၊ သွင်းအားစုကုမ္ပဏီများဖြင့် ချိတ်ဆက်၍ မျိုးစပါးနှင့်သွင်းအားစုများ အချိန်မီ ဈေးနှုန်းသက်သာစွာဖြင့် ထောက်ပံ့ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိုးစပါးပြန်လည်စိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းလေးသွယ်ဖြင့် စုစည်းမှုအားကောင်းကောင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက ဆွေးနွေးပေးရန် အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မိုးသီးနှံများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်ကုစား အစားထိုးဆောင်ရွက်နေမှုအခြေအနေများ၊ ရေမြုပ်ခံမျိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများ၊ မျိုးစေ့ထုတ်ကုမ္ပဏီ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူများလက်ဝယ်တွင် မျိုးစပါးရရှိနိုင်မှုအခြေအနေများနှင့် မိုးသီးနှံထိခိုက်ပျက်စီးသောဧကများကို မျိုးစပါးနှင့်သွင်းအားစု ထောက်ပံ့ပေးမှုအခြေအနေများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်လာသူများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အကျဉ်းသားများကို ထောင်ဝန်ထမ်းများက ရိုက်နှက်မှုကြောင့် ဒဏ်ရာများရရှိဟု မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖော်ပြ

**နေပြည်တော် ဩဂုတ် ၂၇**

သာယာဝတီ ဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ခံခဲ့ရသည့် အကျဉ်းသား ၄၀ ကျော်ကို ထောင်ဝန်ထမ်းများက ရိုက်နှက်မှုကြောင့် ဦးခေါင်းနှင့်ခန္ဓာကိုယ်တွင် ဒဏ်ရာများ ရရှိပြီး တိုက်ပိတ်မှုများ၊ ခြေကျင်းခတ်မှုများလည်း ခံနေရသည်ဟူ၍ Khit Thit အမည်ခံ Facebook Page က ဩဂုတ် ၁၉ ရက်တွင် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန် လုပ်ကြံ သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

**အကြောင်းမဲ့ရိုက်နှက်ခြင်းမရှိ**

ဖြစ်စဉ်အား စိစစ်ရာတွင် သာယာဝတီ ဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကို ချိုးဖောက်၍ တရားရုံးက ပြစ်ဒဏ်ပေးထားသော အကျဉ်းသားများသာရှိကြောင်း၊ အင်းစိန်ဗဟိုအကျဉ်းထောင်မှ သာယာဝတီ ဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့သည့် အကျဉ်းသား ၃၀၀ ကို အကျဉ်းထောင်အတွင်းသို့ တားမြစ်ပိတ်ပင်ထားသောပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးအတွက် ရှာဖွေခြင်းသာ ဆောင်ရွက်ခဲ့ခြင်းရှိပြီး ထောင်ပြောင်းအကျဉ်းသားများ ရောက်ရှိချိန်တွင် အကြောင်းမဲ့ရိုက်နှက်ခြင်း မရှိသည့်အပြင် ထောင်တွင်းဆေးရုံတွင် ဦးခေါင်းနှင့် အခြားဒဏ်ရာရှိသည့် အကျဉ်းသားများလည်း မရှိကြောင်း။

ထို့ပြင် တိုက်ပိတ်ပြစ်ဒဏ်ချမှတ်ခြင်းမရှိဘဲ လုံခြုံရေးအရသီးခြားခွဲထားရန် လိုအပ်သည့် အကျဉ်းသားအချို့ကိုသာ ရက်သတ္တတစ်ပတ်စောင့်ကြည့်ရန် တိုက်၌သီးခြားထားရှိခြင်းသာဖြစ်ကြောင်း၊ ထောင်တွင်းနေထိုင်မှုစည်းကမ်းများအတွက် သင်ကြားပြောဆိုခြင်းသာရှိပြီး ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရိုက်နှက်ခြင်းများမရှိဘဲ ရိုက်နှက်ပါက ဥပဒေအရ အရေးယူမှုရှိကြောင်း၊ အကျဉ်းထောင်ဝန်ထမ်းများသည် ဥပဒေနှင့်အညီသာ အုပ်ချုပ် ဆောင်ရွက်လျက်ရှိသည့်အတွက် Khit Thit အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**ကျော်မိုးအောင်**

## မုံရွာမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအချင်းချင်း အပြန်အလှန်ပစ်ခတ်မှုကြောင့် ပြည်သူခြောက်ဦး ထိမှန်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အိုးရှင်းစူပါစင်တာအနီးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအချင်းချင်း အပြန်အလှန်ပစ်ခတ်မှုများ ဩဂုတ် ၂၄ ရက်က ဖြစ်ပွားခဲ့ကြောင်းနှင့် ၎င်းပစ်ခတ်မှုကြောင့် အနီးရှိ ကလေးနှစ်ဦးအပါအဝင် ပြည်သူခြောက်ဦး ထိမှန်သေဆုံးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၁၈ ရက်က ၎င်းနေရာအနီးတွင် အပြစ်မဲ့ပြည်သူခြောက်ဦးကို PDF အမည်ခံအကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်ခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၂၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မည်သည့်ပစ်ခတ်မှုမှမရှိကြောင်းနှင့် အဆိုပါ အပြစ်မဲ့ပြည်သူခြောက်ဦးကို သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကိုလည်း တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး တာဝန်ရှိသူများက လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မြေပြင်ဖြစ်စဉ်များနှင့်လွဲမှားနေသည့် သတင်းအမှားများကို အရှက်တရားမဲ့စွာ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း အပြစ်မဲ့ပြည်သူခြောက်ဦးကို သတ်ဖြတ်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ကို ဖုံးကွယ်ပြီး နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အကျဉ်းသူများ ထိခိုက်ဒဏ်ရာရပြီး အသက်အန္တရာယ်နှင့် လုံခြုံရေး အထူးစိုးရိမ်နေရသည်ဟု မဟုတ်မမှန် လုပ်ကြံသတင်းရေးသား

**နေပြည်တော် ဩဂုတ် ၂၇**

ဒိုက်ဦးထောင်တွင် ထောင်အရာရှိနှင့် ဝန်ထမ်းများက အကြမ်းဖက်ရိုက်နှက်၍ အကျဉ်းသူများ ထိခိုက်ဒဏ်ရာရပြီး အသက်အန္တရာယ်နှင့် လုံခြုံရေး အထူးစိုးရိမ်နေရသည်ဟူ၍ Khit Thit အမည်ခံ Facebook Page က ဩဂုတ် ၂၀ ရက်တွင် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် အိပ်ဆောင်မှူးသည် လုပ်ထုံးလုပ်နည်းအရ တာဝန်ကျဝန်ထမ်းများကို ထောင်ဝင်စာညှိတွေ့ပြန်လာသူ အကျဉ်းသူများအား ရှာဖွေရေးပြုလုပ်ရန် ပြောဆိုခဲ့ကြောင်း၊ ထိုသို့ပြောဆိုသည်ကို အကျဉ်းသူ ငါးဦးတို့က ရှာဖွေရေးပြုလုပ်ခြင်းသည် ၎င်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက်သဖြင့် ရှာဖွေခွင့်မပြုနိုင်ကြောင်းနှင့် ရိုင်းပျစွာဆဲဆိုခြင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းများ ပြုလုပ်ခဲ့ပြီး အခြားအကျဉ်းသူ ၁၀ ဦးခန့်ကလည်း အော်ဟစ်ဆူပူဆဲဆိုနေသဖြင့် တာဝန်ကျဝန်ထမ်းများက တားမြစ်ထိန်းသိမ်းခဲ့ရကြောင်း။

ထို့အတူ ကျိုက်မရော ဗဟိုအကျဉ်းထောင်မှ ပြောင်းရွှေ့လာသော အကျဉ်းသူများအနက် အကျဉ်းသူ ၂၇ ဦးထံမှ တားမြစ်ပိတ်ပင်ထားသော တယ်လီဖုန်း ၂၇ လုံး သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်အပေါ် မကျေနပ်သဖြင့် ယင်းအကျဉ်းသူများသည် အခန်းအတွင်းသို့ မဝင်ဘဲ အော်ဟစ်ဆဲဆိုခြင်းများ ပြုလုပ်ခဲ့သဖြင့် ဒုတိယတာဝန်ခံအရာရှိ ဦးဆောင်သော ဝန်ထမ်းများက သွားရောက်အိပ်ဆောင်ပိတ်ခဲ့ရပြီး အကျဉ်းသူများကို ရိုက်နှက်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိစေခြင်းများ မပြုလုပ်ခဲ့ကြောင်း အကျဉ်းထောင်တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ယင်းအကျဉ်းသူငါးဦး ပြောင်းရွှေ့ရောက်ရှိသည်မှစ၍ အကျဉ်းထောင်အုပ်ချုပ်ရေးနှင့် စည်းကမ်းများကို ပျက်ပြားစေရန် ပြုလုပ်ခြင်း၊ ညှိတွေ့ပြန်လာသော အကျဉ်းသူများအား ရှာဖွေရေးပြုလုပ်ရာတွင် နှောင့်ယှက်ခြင်း၊ အကျဉ်းထောင်စည်းကမ်းဖောက်ဖျက်သည့် အကျဉ်းသူများအား ရုံးတင်အပြစ်ပေးသော်လည်း လိုက်နာမှုမရှိဘဲ အမျိုးသမီးဝန်ထမ်းများအား ရန်ရှာခြင်း၊ ဝန်ထမ်းများ၏ ပစ္စည်းများအား ဖျက်ဆီးခြင်း၊ အုပ်စုဖွဲ့ ခြိမ်းခြောက်ခြင်း၊ အမျိုးသားဝန်ထမ်းများပါဝင်၍ စည်းကမ်းထိန်းသိမ်းသည့်အခါ "အမျိုးသားဝန်ထမ်းများပြန်သည်နှင့် နင်တို့ကိုသတ်ပစ်မည်" ဟု ခြိမ်းခြောက်ခြင်းများပြုလုပ်ခဲ့ကြောင်း၊ အခြားစည်းကမ်းလိုက်နာသည့် အကျဉ်းသူများကိုလည်း ဝန်ထမ်းများဘက်ပါသည်ဟုဆိုကာ အမျိုးမျိုးခြိမ်းခြောက်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အကျဉ်းသူများ စည်းကမ်းဖောက်ဖျက်သည့်အခါ အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်ခြင်းဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်၊ အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**မေမိုး**

# တာချီလိတ်မြို့၌ မိုးများသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှု ဆက်လက်ဖြစ်ပွား

**တာချီလိတ် ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဩဂုတ် ၂၆ ရက် ညပိုင်းမှစ၍ မိုးများသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်ကျရေများစီးဆင်းမှုကြောင့် ယနေ့ နံနက် အစောပိုင်းမှစတင်ကာ ဗိုလ်ချုပ်လမ်းမကြီးနှင့် မြေနိမ့်ရပ်ကွက်များ၌ ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

တာချီလိတ်မြို့၌ ဩဂုတ် ၂၂ ရက်မှစ၍ တတိယအကြိမ် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး ဩဂုတ် ၂၄ ရက်၌ ရေများပြန်လည်ကျဆင်းကာ ဩဂုတ် ၂၆ ရက် ညပိုင်းမှစ၍ မိုးများသည်းထန်စွာရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ဗိုလ်ချုပ်လမ်းမကြီးနှင့် မြေနိမ့်ရပ်ကွက်များ၌ ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ တာချီလိတ်မြို့၏ စိုးရိမ်ရေမှတ်သည် ၃၉၀ စင်တီမီတာဖြစ်ပြီး ပုန်းထွန်တိုင်းတာရေးစခန်းမှ ယနေ့ နံနက် ၉ နာရီခွဲ တိုင်းတာချက်များအရ မိုးရေချိန် ၁ ဒသမ ၂၈ လက်မနှင့် မယ်ဆိုင်ချောင်းရေမှတ် ၃၄၆ စင်တီမီတာသို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများအား အရေးပေါ်ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းနှင့် ထမင်းထုပ်၊ သောက်ရေသန့်ဘူးများဖြန့်ဝေရန် တာချီလိတ်ခရိုင်နှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကို နယ်မြေအလိုက် တာဝန်အသီးသီး ခွဲဝေသတ်မှတ်ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **ကျော်ဇေယျာလင်း (ပြန်/ဆက်)**



ကျိုင်းတောင်းမြို့၌ နမ့်တိမ်းချောင်းရေမြင့်တက်လာ၍ နမ့်တိမ်းချောင်းကူးသံတံတားနှင့် ရေထိစပ်နေ



ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုများပြားပြီး တောင်ကျရေအဆမတန်စီးဆင်းမှုများ ဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့၏ နယ်ခြားမျဉ်းဖြစ်သည့် မယ်ဆိုင်ချောင်းကူး အမှတ်(၁) ချစ်ကြည်ရေးတံတားအနီးတွင် ချောင်းရေကြီးမြင့်မှုအခြေအနေကို ဩဂုတ် ၂၇ ရက် ညနေပိုင်းက တွေ့ရစဉ်။ မောင်ယဉ်ကျေး

# ကျိုင်းတောင်းမြို့၌ နမ့်တိမ်းချောင်းရေမြင့်တက်လာ၍ နမ့်တိမ်းချောင်းကူးသံတံတားနှင့် ရေထိစပ်နေ

**ကျိုင်းတောင်း ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့၌ မိုးသည်းထန်စွာ နေ့ညမပြတ်ရွာသွန်းသဖြင့် ချောင်းရေ၊ မြောင်းရေများ ရေပြည့်လျှံလျက်ရှိပြီး ကျိုင်းတောင်းမြို့ရှိ နမ့်တိမ်းချောင်း ရေမျက်နှာပြင် မြင့်တက်လာသည်။

ကျိုင်းတောင်းမြို့သည်ပင်လယ်ရေမျက်နှာပြင်အထက် ၁၂၄၃ ပေတွင် တည်ရှိသောမြို့ဖြစ်ပြီး နှစ်စဉ် မိုးရာသီ၌ ချောင်းရေမြင့်တက်၍ အနိမ့်ပိုင်းနေရာအချို့ ရေတက်လေ့ရှိသည်။ ယခုနှစ်တွင် ယခင်နှစ်များထက် ချောင်းရေပိုမိုမြင့်တက်လာ၍ ဆယ်စုနှစ်တစ်ခုမက အသုံးပြုခဲ့သော ကျိုင်းတောင်းမြို့ ဝိမ်းကောင်ရွာရှိ နမ့်တိမ်းချောင်းကူးတံတားနှင့်ထိကပ်စီးဆင်းနေပြီး ရေများတိုက်စားနေသောကြောင့် တံတား၏ကြံ့ခိုင်ရေးမှာ စစ်ဆေးကြည့်ရှုရန် လိုအပ်လျက်ရှိသည်။ **ကိုကို(ပြန်/ဆက်)**

# တောင်ငူမြို့၌ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေပြီး မြေနိမ့်ပိုင်းများသို့ မြစ်ရေဝင်ရောက်လျက်ရှိ

**တောင်ငူ ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေပြီး ယနေ့မွန်းလွဲပိုင်းတွင် မြေနိမ့်ပိုင်းများသို့ မြစ်ရေဝင်ရောက်လျက်ရှိသည်။ (ယာပုံ)



တောင်ငူမြို့၌ စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် စိုးရိမ်ရေအမှတ် ၆၃၆ စင်တီမီတာ ရှိကြောင်း ခရိုင်မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

တောင်ငူမြို့ အမှတ် (၈)၊ (၉)၊ (၁၀) ရပ်ကွက်ရှိ မြေနိမ့်ပိုင်းများတွင် စစ်တောင်းမြစ်ရေဝင်ရောက်လျက်ရှိကာ ရေဘေးသင့်ပြည်သူများကို ကုန်းမြင့်ပိုင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားလျက်ရှိကာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Aung Nyein" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အလုံရပ်ကွက်နေ မိုးငြိမ်းအေးအား ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Aung paing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အင်းမကျေးရွာနေ မျိုးသူဟိန်း (ခ)အောင်ပိုင်အား ညနေ ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂံဒေသရှိ နှစ်ထပ်လွှမ်းစေတီနှင့် ဂူဘုရားများ

ဒေါက်တာမျိုးညွန့်အောင် (ရှေးဟောင်းသုတေသနပညာ) (ပုဂံ)

ပုဂံမြို့ဟောင်းဒေသသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် တည်ရှိသည်။ မြန်မာ့ရှေးဟောင်း ရာဇဝင်ကျမ်းများ ဖြစ်ကြသည့် တွင်းသင်းရာဇဝင်၊ မှန်နန်းရာဇဝင်နှင့် ဦးကုလား ရာဇဝင်တို့၌ ပုဂံနှင့်ပတ်သက်၍ အေဒီ (၁၀၇) ခုနှစ်တွင် သမုဒ္ဒရာဇ်မင်းသည် ပုဂံမင်းဆက်ကို စတင်ခဲ့ပြီး နှစ်ပေါင်း ၁၂၀၀ ကျော် ကာလအတွင်း ပုဂံနိုင်ငံတော်ကြီးတွင် မင်းဆက်ပေါင်း ၅၅ ဆက် စိုးစံအုပ်ချုပ်ခဲ့သည်။ ပုဂံခေတ်တွင် မြန်မာ့အနုပညာနှင့် ဗိသုကာလက်ရာများ အထွတ်အထိပ်သို့ ရောက်ရှိသည့်ကာလမှာ အေဒီ ၁၁ ရာစုမှ ၁၃ ရာစု အတွင်း ကာလဖြစ်ပေသည်။ ပုဂံမင်းတို့သည် ပုဂံဒေသ၌ နန်းတော်ရာပေါင်း လေးနေရာခန့် ရွှေ့ပြောင်းနန်းစိုက်ခဲ့ကြသည်။ ပုဂံမင်းဆက် ၄၂ ဆက်မြောက် အနော်ရထာမင်းကြီးလက်ထက်တွင် သမိုင်းအထောက်အထား၊ ကျောက်စာအထောက်အထား အခိုင်အမာဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ပြီး အေဒီ ၁၁ ရာစုတွင် သထုံဒေသမှ ကြွလာသော ရှင်အရဟံနှင့် အနော်ရထာမင်းကြီးတို့ တွေ့ဆုံပြီးနောက် ထေရဝါဒဗုဒ္ဓသာသနာကို တိုးတက်ထွန်းကားပြန့်ပွားအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ပုဂံဒေသ၌တွေ့ရှိသော ရှေးဟောင်းအဆောက်အအုံများသည် ထေရဝါဒဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော ဘာသာရေး၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများဖြစ်ကြပေသည်။

ပုဂံဒေသရှိ နှစ်ထပ်လွှမ်းစေတီနှင့် ဂူဘုရားများတွင် အကြမ်းဖျင်းလေ့လာပါက ပုံသဏ္ဌာန်ငါးမျိုးရှိကြောင်း လေ့လာတွေ့ရှိရသည်။ ယင်းတို့မှာ နှစ်ထပ်လွှမ်းစေတီများ၊ နှစ်ထပ်လွှမ်း ဂူဘုရားများ၊ နှစ်ထပ်လွှမ်းမုဋ္ဌောစေတီများ၊ နှစ်ဆူတွဲ၊ သုံးဆူတွဲစေတီတို့ပေါ်မှ ငုံ၍တည်သော စေတီများနှင့် နှစ်ထပ်လွှမ်းဆင်းတုတော်များဟူ၍ ခွဲခြားလေ့လာနိုင်ပါသည်။ ဒုတိယကောင်းမှုရှင်သည် အပေါ်မှငုံ၍ တည်ဆောက်ရသည့်အကြောင်းရင်းမှာ ပထမကောင်းမှုရှင်တည်ထားခဲ့သော ဂူဘုရားစေတီအား သာသနာငါးထောင် တည်ရစ်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် အလို့ငှာလည်းကောင်း၊ လေဒဏ်၊ မိုးဒဏ်၊ ရေဒဏ်၊ သဘာဝရာသီဥတုဒဏ်နှင့် လူ၊တိရစ္ဆာန်တို့၏ ဖျက်ဆီးမှုဒဏ်မှ ကင်းဝေးစေရန်အတွက်လည်းကောင်း မူလစေတီတော်၏ အပေါ်မှငုံ၍ တည်ဆောက်ရခြင်းဖြစ်ပေသည်။

ပုဂံဒေသ၌ စာပေအထောက်အထားရှိသော နှစ်ထပ်ဂူဘုရားများကို လေ့လာကြည့်ရှုရာတွင် မူလကောင်းမှုရှင်သည် ဖခင်၊ အဘိုး၊ အဘွားတို့ဖြစ်ကြသည်ကို အများဆုံးတွေ့ရှိရပြီး မိမိတို့၏ ဖခင်၊ မိမိတို့၏ အဘိုးအဘွားကောင်းမှုကို ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် သဘာဝရာသီဥတုဒဏ်မှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်စေရန် အလို့ငှာ မူလကောင်းမှုရှင်၏ ကောင်းမှုကုသိုလ်ကို ဥာပနာလိုက်သည့် သဘောမျိုးဖြစ်မည်ဟု ထင်မြင်ယူဆရပါသည်။ ပုဂံခေတ်ကျောက်စာများတွင် အများဆုံး ဖော်ပြထားသည်မှာ "မိမိ၏ကုသိုလ်ကောင်းမှုကို သာသနာငါးထောင်တည်ရစ်စေသောငှာ ထိန်းသိမ်းစောင့်ရှောက်သူအား မိမိနှင့် ထပ်တူအကျိုးရပါစေသား မိမိ၏ကုသိုလ်ကောင်းမှုကို ဖျက်ဆီးသူအား အဝီစိငရဲသို့ ကျရောက်ပါစေသား" စသည်ဖြင့် ဆုတောင်းစာ၊ ကျိန်စာများတွင် ဖော်ပြလေ့ရှိသည်။

စာရေးသူအနေဖြင့် ပုဂံဒေသရှိ နှစ်ထပ်လွှမ်းစေတီနှင့် ဂူဘုရားများကို သုတေသနပြုစုခဲ့ရာတွင် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသကို ဇိုယာ ရှစ်နေရာခွဲ၍ ကွင်းဆင်းသုတေသနပြု လေ့လာခဲ့ပါသည်။ အဆိုပါဇိုယာ ရှစ်နေရာတို့မှာ ညောင်ဦးဇိုယာ၊ ဝက်ကြီးအင်းဇိုယာ၊ တောင်ဘီဇိုယာ၊ ပုဂံမြို့ဟောင်းဇိုယာ၊ မြင်းကပါဇိုယာ၊ သီရိပစ္စယာဇိုယာ၊ မင်းနန်သူနှင့် ဖွားစောဇိုယာနှင့် ဧရာဝတီမြစ်အနောက်ဘက်ရှိ တန့်ကြည့်ဇိုယာတို့ကို လေ့လာဆောင်ရွက်ခဲ့ပါသည်။



ပုဂံဒေသ မီးမလောင်ကျောင်းဘုရား၏ အနောက်ဘက်ရှိ ဘုရားအမှတ် (၁၆၁၂) နှစ်ထပ်လွှမ်း ဂူဘုရား။

## လက်ရာကွဲပြားသော နှစ်ထပ်လွှမ်းစေတီနှင့် ဂူဘုရားများ

ပုဂံဒေသရှိ နှစ်ထပ်လွှမ်းစေတီနှင့် ဂူဘုရားတို့ကို အလွယ်တကူမတွေ့ရှိနိုင်ဘဲ မြေလျှင်ဒဏ်ကြောင့် လည်းကောင်း၊ ဘုရားတွင် ဌာပနာခဲ့သော အဖိုးတန်ကျောက်မျက်ရတနာနှင့် ရှေးဟောင်းပစ္စည်းများအား သိုက်ပေါက်တူးသော လူတို့၏ ဖျက်ဆီးမှုဒဏ်ကြောင့် လည်းကောင်း၊ မြစ်ရေတိုက်စားမှုဒဏ်ကြောင့် လည်းကောင်း၊ စေတီဂူဘုရားများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့မှလည်းကောင်း အတွင်းစေတီများ ပေါ်ပေါက်လာကြောင်းကို လေ့လာတွေ့ရှိနိုင်ပါသည်။ အတွင်းစေတီနှင့် ဂူဘုရားတို့ကို အပြင်စေတီ၏ ပျက်စီးယိုယွင်းနေသည့် အခြေအနေပေါ်မူတည်၍ မူလဂူဘုရားစေတီ၏ ခရေသီး၊ ကြာမှောက်ကြာလန်တို့ပါသည့် အထွတ်ပိုင်းကိုသော်လည်းကောင်း၊ ခေါင်းလောင်းနားမှ အထွတ်ပိုင်းအထိကိုသော်လည်းကောင်း၊ စေတီနှင့် ဂူဘုရားတစ်ဆူလုံးကိုသော်လည်းကောင်း မူလလက်ရာအခြေအနေအတိုင်း တွေ့မြင်နိုင်ပေသည်။

## နှစ်ထပ်လွှမ်းစေတီများ

ပုဂံဒေသတွင် နှစ်ထပ်လွှမ်းစေတီ အမျိုးအစားအဆူရေ ၆၀ သုတေသနပြု ဖော်ထုတ်နိုင်ခဲ့ပါသည်။ ပုဂံမြို့ရွှေစည်းခုံ စေတီတော်မြတ်ကြီးကို လက်တွေ့လေ့လာကြည့်ပါက ရာဇဝင်အချို့တွင် "ရွှေစည်းခုံ စေတီတော်မြတ်ကြီး၏ မူလဒါယကာမှာ အနော်ရထာမင်းကြီးဖြစ်ပြီး ဘုရားကြီးကို ပစ္စယာသုံးဆင့်အထိသာပြီးစီးခဲ့သည်။ သားတော်ကျန်စစ်သားမင်းကြီး လက်ထက်ရောက်မှသာ ဘုရားကြီးကို အပြီးသတ်တည်နိုင်ခဲ့သည်" ဟု ဖော်ပြထားပါသည်။ အနော်ရထာမင်းကြီး စိုးစံအုပ်ချုပ်နေစဉ်ကာလအတွင်း ဘုရားကြီးအား အပြီးသတ်တည်မည်ဆိုပါက အောင်မြင်စွာ ပြီးစီးနိုင်မည်ဟု စာရေးသူအနေဖြင့် ထင်မြင်ယူဆပါသည်။ သို့သော် ၁၉၇၅ ခုနှစ်တွင် ပုဂံဒေသ၌ ပြင်းထန်သော ငလျင်ကြီးလှုပ်လိုက်သောအခါ ရွှေစည်းခုံဘုရားကြီး၏ အထွတ်ပိုင်း အရှေ့မြောက်ဘက်သို့ တိမ်းစောင်းကွဲအက်သွားသော အခါ ပြုပြင်ထိန်းသိမ်းရန် ပဋ္ဌလောဟာဖြင့်ပြီးသော အထွတ်ခရေသီးကြီးကို မြှောက်တင်လိုက်ရာ သဲကျောက်ဖြင့် တည်ထားသော အတွင်းစေတီနှင့် ပဋ္ဌလောဟာ ခရေသီးကြီးတို့ ပေါ်ထွက်လာသည်ကို တွေ့ရှိရသည်။ ထိုအချိန်မှစ၍ ရှေးဟောင်း သုတေသနပညာရှင်တို့ လက်ခံထားကြသည်မှာ ရွှေစည်းခုံစေတီ၏ အတွင်းတစ်ထပ်ကို အနော်ရထာမင်းကြီးက ထည့်ထားခဲ့ပြီး အပြင်စေတီကိုသားတော် ကျန်စစ်သားမင်းကြီးက တည်ထားခဲ့ကြောင်း အခိုင်အမာပြောနိုင်ခဲ့ပါသည်။ ဤကဲ့သို့ ကြီးမားခံ့ညားသော စေတီကြီးများကိုပင် နှစ်ထပ်တည်ဆောက်လေ့ရှိခဲ့ပါသည်။

> **၁၉၇၅ ခုနှစ်တွင် ပုဂံဒေသ၌ ပြင်းထန်သော ငလျင်ကြီးလှုပ်ပြီးနောက် ရွှေစည်းခုံဘုရားကြီး၏ အထွတ်ပိုင်း အရှေ့မြောက်ဘက်သို့ တိမ်းစောင်းကွဲအက်သွားသောအခါ ပြုပြင်ထိန်းသိမ်းရန် ပဋ္ဌလောဟာဖြင့်ပြီးသော အထွတ်ခရေသီးကြီးကို မြှောက်တင်လိုက်ရာ သဲကျောက်ဖြင့် တည်ထားသော အတွင်းစေတီနှင့် ပဋ္ဌလောဟာ ခရေသီးကြီးတို့ ပေါ်ထွက်လာသည်ကို တွေ့ရှိရသည်**
>
> **ထိုအချိန်မှစ၍ ရှေးဟောင်းသုတေသနပညာရှင်တို့ လက်ခံထားကြသည်မှာ ရွှေစည်းခုံစေတီ၏ အတွင်းတစ်ထပ်ကို အနော်ရထာမင်းကြီးက ထည့်ထားခဲ့ပြီး အပြင်စေတီကို သားတော်ကျန်စစ်သားမင်းကြီးက တည်ထားခဲ့ကြောင်း အခိုင်အမာ ပြောနိုင်ခဲ့**

ထို့အပြင် ပုဂံမြို့ဟောင်း၏ တစ်ဖက်ကမ်းတွင်ရှိသော တန့်ကြည့်တောင်ဘုရားမှာ အနော်ရထာမင်းကြီးတည်ထားခဲ့ကြောင်း မှတ်သားခဲ့ကြသည်။ သို့သော်ခိုင်မာသော စာပေအထောက်အထား မတွေ့ခဲ့ပေ။ ၁၉၇၅ ခုနှစ် ငလျင်လှုပ်လိုက်သောအခါ တန့်ကြည့်တောင်စေတီကြီး၌ ကြီးမားသော အက်ကွဲကြောင်းကြီးအတွင်းမှ စေတီငယ်တစ်ဆူ ပေါ်ထွက်လာသည်ကို တွေ့ရှိရသည်။ ၎င်းစေတီအတွင်းမှ အနော်ရထာမင်းကြီး၏ အုတ်ခွက်ပေါင်းမြောက်မြားစွာ တွေ့ရှိခဲ့သည်။ အနော်ရထာမင်း တည်သည်ဟု ထောက်ပြနေသော အုတ်ခွက်များ၏ နောက်ကျောဘက်မှစာနှင့် အောက်ခြေမှ စာတို့မှာ ပါဠိအက္ခရာများဖြင့် ဖော်ပြထားသည်။ ဓမ္မရုံကြီးလမ်းခွဲအနီး စကိုဗယ်ပေါ်တော်မူဘုရားမှာ ကိုလိုနီခေတ်ကာလခန့်က ရှေးဟောင်းအဆောက်အအုံများကိုပြုပြင်ရေးအဖွဲ့မှ မစ္စတာစကိုဗယ် (ပခုက္ကူလမ်းလုပ်ငန်းဌာနမှ အမှုဆောင်အင်ဂျင်နီယာ) က အပြင်စေတီကိုခွာလိုက်ရာ အတွင်းစေတီပေါ်လာပြီး ယနေ့ထက်တိုင် စကိုဗယ်ပေါ်တော်မူဟူ၍ လူသိများလျက် ရှိနေပေသည်။

စိုးမင်းကြီးဘုရား အနောက်ဘက်ကမ်းနားရှိ ကျောက်မျက်မော်ဘုရားမှာလည်း ကြီးမားသော နှစ်ထပ်လွှမ်းစေတီတစ်ဆူဖြစ်သည်။ အပြင်စေတီမှာ လောကနန္ဒာဘုရားပုံတည်ထားပြီး လေးထောင့်ပစ္စယာခံထားကာ အတွင်းစေတီမှာ ရှစ်မြှောင့်ပစ္စယာခံထားသော ပျူခေတ်လက်ရာစေတီကြီးဖြစ်ပါသည်။ အပြင်စေတီမှာ အနော်ရထာမင်းလက်ထက်တည်ထားသော စေတီတစ်ဆူဖြစ်ပြီး အတွင်းစေတီမှာ အနော်ရထာမင်းလက်ထက်ကာလထက်စောသော ပျူခေတ်လက်ရာစေတီတစ်ဆူ ဖြစ်ဖွယ်ရှိသည်။

ကျောက်မျက်မော်ဘုရားတွင် အတွင်းစေတီနှင့် အပြင်စေတီကြား၌ အုတ်ကိုအပြည့်မဖြည့်ဘဲ သုံးပေခန့်အကျယ်ရှိသော ဒေါက်ကြီးများဖြင့် ထောက်စီထားသည့် စနစ်ကိုလည်း ထူးခြားစွာ တွေ့ရှိရသည်။ အုတ်စီခြင်းလုပ်ငန်း အပြည့်မဖြည့်ဘဲ ဒေါက်ခံ၍စီထားသဖြင့် အပြင်စေတီကြီးမှာ ဆောလျင်စွာ ပြိုကျပျက်စီးလေသလောဟု တွေးတောဖွယ်ဖြစ်ရပေသည်။ ပုဂံဒေသတွင် ကျောက်မျက်မော်ဘုရားသည် နှစ်ထပ်လွှမ်းစေတီများထဲတွင် အလှပဆုံးသော ထူးခြားသည့် နှစ်ထပ်လွှမ်းစေတီတစ်ဆူ ဖြစ်ပါသည်။

ထူးခြားသော အခြားစေတီတစ်ဆူမှာ ဝက်ကြီးအင်း ဂူပြောက်ငယ်ဘုရားတောင်ဘက်ရှိ ဘုရားအမှတ် (၂၈၉) နှစ်ထပ်လွှမ်းစေတီတစ်ဆူဖြစ်သည်။ အတွင်းစေတီသည် ပျူခေတ်လက်ရာ မူလဖောင်းရစ်များပါရှိပြီး ရှားပါးသော ပျူစေတီကို လေ့လာတွေ့ရှိနိုင်ပါသည်။ အပြင်စေတီမှာလည်း ပုဂံခေတ်ဦးပိုင်း လေးထောင့်ပစ္စယာခံထားသော စေတီပေါက်

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

ဘုရားတစ်ဆူဖြစ်ပြီး အာရုံခံပိုင်းမှာ ပုဂံခေတ်နှောင်းပိုင်းကာလခန့်မှ ထပ်ဖြည့်တည်ဆောက်ထားကြောင်း အာရုံခံနှင့် တိုက်မအဆက်နေရာရှိ အုတ်စီလက်ရာနှင့် အင်္ဂတေလိမ်းကျံထားမှု အခြေအနေတို့အရ သိရှိနိုင်ပေသည်။ အတွင်းစေတီတွင် မူလအင်္ဂတေအချို့ ကျန်ရှိနေသေးပြီး အပြင်စေတီတွင်လည်း မူလအင်္ဂတေပန်းများ ကျန်ရှိပါသေးသည်။

ပုဂံဒေသရှိ နှစ်ထပ်လွှမ်းစေတီများထဲတွင် လောကဥဿျှောင်ဘုရား၏ အရှေ့မြောက်ဘက်ကပ်လျက်ရှိသော ဘုရားအမှတ်(၁၄၆၉)၏ အတွင်းစေတီတွင် တန်ဆာဆင်ထားသော ကြာဖတ်ရစ်ဖတ်ပါစဉ့်ချပ်များ၊ ကြာဖတ်လေးဖတ်ပါ အင်္ဂတေပန်းများကို ပုဂံခေတ်မူလလက်ရာအတိုင်း ရှားပါးစွာ လေ့လာတွေ့မြင်နိုင်ပါသည်။ အတွင်းအရှေ့မြောက်ထောင့် ပစ္စယာဆင့်တွင် အာနန္ဒာဘုရားအား ပုဆစ်ဒူးတုပ်ရှိခိုးနေဟန် နတ်ရုပ်ဟု ပြောလေ့ရှိသော နားဆွဲ၊ နားပန်၊ လက်ကြပ်၊ လက်ကောက်တို့ဖြင့် ဝတ်ဆင်ထားသည့် မူလအင်္ဂတေနတ်ရုပ်တစ်ရုပ်ကိုလည်း ရှားပါးစွာတွေ့မြင်နိုင်သည်။

ယခု ပုဂံရှေးဟောင်းသုတေသနပြတိုက်၏ အနောက်မြောက်ဘက် ပုဂံသံတဲအဝင်ဝရှိ နှစ်ထပ်လွှမ်းစေတီ ဘုရားအမှတ် (၁၆၂၆) သည်လည်း ထူးခြားသည့် စေတီတစ်ဆူဖြစ်သည်။ အပြင်စေတီမှာ ပုဂံခေတ်ဦးပိုင်းစေတီတစ်ဆူဖြစ်ပြီး အတွင်းစေတီမှာ အာမလကာခေါ် ဖရုံတုံးများ ပတ်ထားသည့် ပုံစံကွဲပြားသော ပျူခေတ်စေတီတစ်ဆူဖြစ်ဖွယ်ရှိသည်။ စေတီနှစ်ဆူ၏ ကျန်သေးသောအပိုင်းတို့မှာ အမြင့်ခြောက်ပေခန့်သာ ရှိပေသည်။ ပုဂံဒေသရှိ နှစ်ထပ်လွှမ်းစေတီများအနက် အတွင်းစေတီကိုငုံ၍တည်ထားသော အပြင်စေတီ၏ နံရံထုမှာ တစ်ပေ ခြောက်လက်မမှ နှစ်ပေခန့်အထိသာရှိသော မင်းအိုချမ်းသာဘုရား၏ အရှေ့မြောက်ဘက်ရှိ နှစ်ထပ်လွှမ်းစေတီဘုရားအမှတ် (၁၉၀၅) တစ်ဆူမှာလည်း ၁၉၇၅ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် အပြင်စေတီတစ်ခြမ်း ပြိုကျသွားသဖြင့် အတွင်းစေတီတစ်ဆူလုံး၏ ကိုယ်ထည်ကို ထင်ရှားစွာ အသစ်အတိုင်းမြင်နိုင်ပြီး မူလအင်္ဂတေပန်းများကို ခေါင်းလောင်းနားမှ ခရေသီးအထိ မည်ကဲ့သို့ တည်ဆောက်ခဲ့ပုံကို အသေးစိတ် လေ့လာကြည့်ရှုနိုင်ပေသည်။

**နှစ်ထပ်လွှမ်း မုဋ္ဌောစေတီများ**

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသတွင် အတွင်းလိုဏ်ရှိသော မုဋ္ဌောစေတီသုံးဆူခန့်သာ လေ့လာတွေ့ရှိရသည်။ ယင်းတို့မှာအနောက်ဖွားစောကျေးရွာ သမထီးကျောင်းဝင်းအတွင်း သစ္စာဝတီဘုရား၏အနောက်ဘက်ရှိ ရွှေမုဋ္ဌောစေတီ ဘုရားအမှတ် (၉၁၉)၊ သရပါတံခါးအရှေ့ဘက် တိုင်းချွတ်ဘုရားအနီး ရွှေမုဋ္ဌောစေတီ ဘုရားအမှတ် (၁၉၅၆)၊ ညောင်ဦးမြို့၊ ခတ်ဆီဆိုင်ဝင်းအရှေ့ဘက်ရှိ ရွှေမုဋ္ဌောစေတီ ဘုရားအမှတ် (၁၉၄) တို့ဖြစ်ကြသည်။

ရွှေမုဋ္ဌောစေတီများကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရှိနိုင်ပြီး အတွင်းစေတီအား လှူဒါန်းသူမှာ သီရိဓမ္မာသောကမင်းကြီးဖြစ်ကြောင်း ပုဂံခေတ်ကျောက်စာများတွင် ဖော်ပြလေ့ရှိသည်။ ရွှေမုဋ္ဌောစေတီကိုငုံ၍တည်သော ဒုတိယအလှူရှင်သည် ပထမအလှူရှင်၏ ကုသိုလ်ကောင်းမှုကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ အများပြည်သူ သဒ္ဓါပွားများစေရန်အတွက် လည်းကောင်း၊ အတွင်းစေတီအား ဝတ်ပြုကိုးကွယ်စေရန်အတွက်လည်းကောင်း စသည့်ရည်ရွယ်ချက်များရှိပေသည်။

ရွှေမုဋ္ဌောစေတီတို့အား အပေါ်မှမိုး၍ တည်ဆောက်သောအခါ စေတီများဖြင့် မတည်ဆောက်ကြဘဲ မုခ်ပေါက်ပါသည့် ဂူဘုရားများဖြင့်လည်းကောင်း၊ အတွင်းစေတီနှင့် အပြင်ဘုရားတို့ကြားတွင် အများပြည်သူတို့ လှည့်လည်ကြည်ညို ဖူးမြော်စေရန် လိုဏ်ပတ်လမ်းဖြင့် တည်ဆောက်လေ့ရှိကြသည်။

အနောက်ဖွားစောကျေးရွာ သမထီးကျောင်းဝင်းအတွင်း ရွှေမုဋ္ဌောဘုရား၏ တည်ဆောက်ပုံကို လေ့လာကြည့်ပါက အတွင်းစေတီ၏အချင်းမှာ ၁၀ ပေခန့်ရှိပြီး စေတီအမြင့်မှာ ရှစ်ပေခန့်ရှိကာ လိုဏ်ပတ်လမ်းအကျယ်မှာ ငါးပေခန့်ရှိသည်။ အပေါ်မှ ငုံ၍တည်သော ဂူဘုရား၏ အတွင်းပန္နက်မှာ အဝိုင်းဖြစ်ပြီး အတွင်းစေတီ၏ ပန္နက်မှာလည်း အဝိုင်းပုံစံတို့ဖြစ်သည်။ ဂူဘုရား၏ အောက်ခြေ အပြင်ပန္နက်မှာ ၄၂ ပေ ပတ်လည်ခန့်ရှိသော လေးထောင့်တိုက်မခံစေတီပေါက် ဂူဘုရားတစ်ဆူဖြစ်သည်။ အရှေ့လှည့် ဂူဘုရားတစ်ဆူဖြစ်ပြီး ရှေ့ဝင် မုခ်ပေါက်တစ်ခုနှင့် လေဝင်လေထွက်ရရှိရန် အုတ်ဇာပေါက်ပြတင်းသုံးပေါက်တို့ဖြင့် ကာရံထားပါသည်။ စေတီ၏ အရှေ့ဘက်ပိုင်း၌ ကျောက်ပြားဘောင်ခတ်ထားသော အုတ်ခုံနှင့်တန်ဆောင်း ရှိပါသည်။ ဂူဘုရား၏ ဗိသုကာလက်ရာတို့မှာ နှောင်းခေတ်လက်ရာများ လွှမ်းမိုးနေသော်လည်း အမိုးစောင်းများပါရှိနေသဖြင့် ပုဂံခေတ်ဦးပိုင်းက တည်ဆောက်ခဲ့သည့် ဂူဘုရားတစ်ဆူဖြစ်မည်ဟု



ကြီးမားသော နှစ်ထပ်လွှမ်းစေတီတစ်ဆူဖြစ်သည့် ကျောက်မျက်မော်စေတီ။

စာရေးသူအနေဖြင့် ယူဆပါသည်။

ပုဂံမြို့ဟောင်း သရပါတံခါးအရှေ့ဘက် တိုင်းချွတ်ဘုရားအနီးရှိ ရွှေမုဋ္ဌောဘုရားတွင်လည်း အတွင်းစေတီမှာ အချင်း ရှစ်ပေ ခြောက်လက်မခန့်ရှိပြီး အတွင်းလိုဏ်ပတ်လမ်းအကျယ်မှာ နှစ်ပေသုံးလက်မခန့်ရှိလျက် စေတီ၏အမြင့်မှာ ခြောက်ပေခန့်ရှိသည်။ အပြင်ဂူဘုရားမှာ အတွင်းပန္နက်ရော အပြင်ပန္နက်ပါ လေးထောင့်ပုံများဖြစ်ကြပြီး ၂၅ ပေပတ်လည်ရှိ လေးထောင့်တိုက်မ ခံ၊ စေတီပေါက်ဂူဘုရားတစ်ဆူဖြစ်သည်။ အပြင်ဂူဘုရား၏ အတွင်းပန္နက်မှာ ၁၁ ပေ ရှစ်လက်မပတ်လည်ရှိပြီး ဂူဘုရား၏ ဗိသုကာလက်ရာ ပုံသဏ္ဌာန်အရ ကုန်းဘောင်ခေတ် အင်္ဂတေပန်းလက်ရာများ ထပ်ဖြည့်ထားကာ အမိုးစောင်းများပါရှိသော ဂူဘုရားတစ်ဆူဖြစ်ပေသည်။ အပြင်ဂူဘုရားသည် အနောက်ဘက်လှည့်ဝင်ပေါက်တစ်ခု၊ ဘေးပြတင်းပေါက် သုံးခုနှင့် ရှေ့ပိုင်းတွင် သစ်သားတန်ဆောင်းတစ်ခု ရှိသည်။

ညောင်ဦးမြို့ ခတ်ဆီဆိုင်ဝင်းအရှေ့ဘက်ရှိ ရွှေမုဋ္ဌောဘုရား ဘုရားအမှတ် (၁၉၄) မှာလည်း ထူးခြားရှားပါးသော အရှေ့လှည့်ဂူဘုရားတစ်ဆူဖြစ်ပြီး အောက်ခြေအဝိုင်းခံ သီဟိုဠ်ပုံပေါက်ဂူဘုရားတစ်ဆူဖြစ်သည်။ အပြင်ဂူဘုရား၏ ဗိသုကာပုံစံအရ ပုဂံခေတ်ကာလခန့်ကတည်းက တည်ဆောက်ခဲ့သော ဂူဘုရားတစ်ဆူဖြစ်သည်။ အတွင်းရွှေမုဋ္ဌောစေတီ၏ ဗိသုကာလက်ရာတို့မှာ နှောင်းခေတ်ပြုပြင်မွမ်းမံမှုများရှိကြသဖြင့် မူလလက်ရာများအား ဖုံးလွှမ်းလျက်ရှိနေသည်ကို တွေ့ရပေသည်။

ပုဂံမြို့ဟောင်းအတွင်း မြင်းကပါကျေးရွာ မနူဟာကျောင်းတောင်ဘက်ရှိ နှစ်ထပ်ဂူဘုရားမှာလည်း ရွှေမုဋ္ဌောစေတီများကဲ့သို့ ဆင်တူလျက်ရှိပြီး မူလအတွင်းစေတီအား အပြင်ဂူဘုရားတစ်ဆူမှ အပေါ်မှမိုးလျက် အတွင်းလိုဏ်ခံ၍ တည်ဆောက်ထားသော နှစ်ထပ်လွှမ်းဘုရားတစ်ဆူဖြစ်သည်။ အပြင်ဂူဘုရားသည် အတွင်းစေတီအား အုပ်မိုးရန်အတွက် အတွင်းတွင် မုခ်ပေါင်းကူးများထား၍ အနောက်ဘက်တွင်လည်း အများပြည်သူကြည်ညိုသဒ္ဓါပွားများစေရန် အနောက်ဘက်လှည့် မုခ်ပေါက်တစ်ခုပါရှိပါသည်။

**နှစ်ဆူတွဲ၊ သုံးဆူတွဲစေတီတို့ပေါ်မှ ငုံ၍တည်သော စေတီများ**

ပုဂံဒေသတွင် အုတ်ခုံတစ်ခုတည်းပေါ်ရှိ နှစ်ဆူတွဲ၊ သုံးဆူတွဲစေတီငယ်တို့ပေါ်မှ စေတီကြီးငုံတည်သည့် အစဉ်အလာများရှိခဲ့ပေသည်။ ထိုကဲ့သို့သော အမျိုးအစားမှာ ခြောက်ဆူခန့်ရှိပါသည်။ အစောဆုံးတွေ့ရှိသော စေတီတို့မှာ ပုဂံမြို့ဟောင်း၊ ကန်တော့ပလ္လင်ဘုရား၏ အနောက်မြောက်ဘက်ကမ်းနားပိုင်းရှိ ဘုရားအမှတ် (၁၆၃၁) နှင့် ဘုရားအမှတ် (၁၆၃၂) တို့ ဖြစ်ကြသည်။ ဘုရားအမှတ် (၁၆၃၁) သည် ရှင်ပင်ပွင့်စဘုရားဟု အစဉ်အလာခေါ်လေ့ရှိပြီး ပျူစောထီးမင်းတည်သည့် ဗူးဘုရားစေတီနှင့် ဆင်တူပါသည်။ ဘုရားအမှတ် (၁၆၃၂) ကို ပေါ်တော်မူဘုရားဟုခေါ်ကြပြီး စေတီပုံသည် အနော်ရထာမင်းကြီး ကောင်းမှုဖြစ်သော လောကနန္ဒာစေတီပုံနှင့် ဆင်တူလျက်ရှိကာ ဖောင်းရစ်ပိုင်းမှာ ပျူခေတ်စေတီများတွင် တည်ဆောက်လေ့ရှိသော အနည်းငယ်မြင့်သည့် ဖောင်းရစ်လွှာများဖြင့် တည်ဆောက်ထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

ထို့အပြင် ပုဂံမြို့ဟောင်းအတွင်း ရွာဟောင်းကြီး ဘုရားအရှေ့မြောက်ဘက်ရှိ ဘုရားအမှတ် (၁၈၇၀) မှာလည်း အုတ်ခုံတစ်ခုတည်းပေါ်တွင် စေတီနှစ်ဆူစီရှိကြပြီး ၎င်းစေတီနှစ်ဆူပေါ်မှ လေးထောင့်ပစ္စယာခံထားသည့် ခေါင်းလောင်းပုံပေါက်စေတီကြီးတစ်ဆူက ငုံ၍တည်ထားသည်ကို လေ့လာတွေ့မြင်နိုင်ပေသည်။

ညောင်ဦးခရိုင် စဥ့်ကူကျေးရွာမြောက်ဘက် အဝင်ဝရှိ ပေါ်တော်မူစေတီ သုံးဆူတွဲမှာလည်း ငုံ၍တည်ထားပြီး ပျက်စီးနေသော စေတီကြီးအား ရှင်းလင်းလိုက်သောအခါ စေတီငယ်သုံးဆူ ပေါ်ထွက်လာကြောင်း စဥ့်ကူကျေးရွာရှိ ရပ်မိရပ်ဖတို့၏ ပြောပြချက်အရ သိရှိရပါသည်။ အစဉ်အလာပြောပြသော စကားတို့အရ ပေါ်တော်မူဘုရားသုံးဆူမှာ ညီအစ်မသုံးယောက်တို့မှ တည်ထားကြောင်း အတွင်းစေတီသုံးဆူ မပေါ်ပေါက်မီ အချိန်ကတည်းကပင် ခွာထုတ်လိုက်ပြီးဖြစ်သော အပြင်စေတီကြီးကို ဘုရားသုံးဆူဟု ခေါ်နေခြင်းမှာ ထူးခြားသည့် အချက်ပင်ဖြစ်သည်။

**နှစ်ထပ်လွှမ်းဆင်းတုတော်များ**

ပုဂံဒေသတွင် နှစ်ထပ်လွှမ်းစေတီနှင့် ဂူဘုရားများတည်ရှိသကဲ့သို့ နှစ်ထပ်လွှမ်းဆင်းတုတော်များ ပြုလုပ်လေ့ရှိသည့် အထောက်အထားများကိုလည်း တင်ပြအပ်ပါသည်။ နှစ်ထပ်လွှမ်းဆင်းတုတော် တည်ရှိရာ ဂူဘုရားမှာ သုံးဆူခန့် တွေ့ရှိသည်။

နှစ်ထပ်လွှမ်းဆင်းတုတော်များ ဖြစ်ပေါ်လာရသည့်အကြောင်းရင်းကို လေ့လာတင်ပြရသော် ပထမပြုလုပ်လိုက်သော ဗုဒ္ဓဆင်းတုတော်သည် လက်ရှိဂူဘုရားနှင့် နှိုင်းယှဉ်ကြည့်လျှင် အလွန်သေးငယ်နေ၍ အချိုးအစားမညီညွတ်သည်က တစ်ကြောင်း၊ အတွင်းဆင်းတုတော်နှင့်အတူ ပထမဒါယကာမှ တည်ဆောက်ခဲ့သော ဂူဘုရားတစ်ဆူရှိနိုင်ပေသည်။ ဒုတိယဒါယကာသည် ပထမအလှူရှင်ဆောင်ရွက်ခဲ့သည့် ဆင်းတုတော်နှင့် ဂူဘုရားကိုပါ ပိုမိုကြီးမားခံ့ညားအောင် ဆောင်ရွက်စေလိုသဖြင့် ပထမဆင်းတုတော်နှင့် သက်ဆိုင်သော ဂူဘုရားကို ဖြိုဖျက်ပြီးနောက် ပထမဆင်းတုတော်ပေါ်မှ ငုံ၍ ကြီးမားသော ဒုတိယဆင်းတုတော်ကို ပြုလုပ်ခဲ့ပြီး သူနှင့်အချိုးအစားကိုက်ညီသော ဂူဘုရားနှင့်အတူ ဒုတိယဒါယကာမှထပ်မံ၍ တည်ဆောက်ခြင်း ဖြစ်နိုင်ကြောင်း ယူဆမိပါသည်။

ပုဂံဒေသတွင် နှစ်ထပ်လွှမ်းဆင်းတုတော်များ တွေ့ရှိရာ ဘုရားတို့မှာ (၁) ပုဂံရှေးဟောင်းသုတေသနပြတိုက်၏ အရှေ့ဘက်၊ မီးမလောင်ကျောင်းဘုရား၏ အနောက်ဘက်ရှိ ဘုရားအမှတ် (၁၆၁၂)၊ (၂) ဝက်ကြီးအင်းကျေးရွာအနောက်ဘက် သိကြားပုန်းဘုရား ဘုရားအမှတ် (၂၃၅) နှင့် (၃) မြင်းကပါကျေးရွာအနီး ရှင်ရဲတစ်ထောင်အုတ်ကျောင်း၏ မြောက်ဘက်ဘုရားအမှတ် (၁၃၉၀) တို့ ဖြစ်ပါသည်။

နှစ်ထပ်လွှမ်းဆင်းတုတော်များ တွေ့ရှိသော ဂူဘုရားများကို လေ့လာကြည့်သောအခါ အတွင်းဆင်းတုတော်အရွယ်အစားနှင့် ဂူဘုရား၏ ဂန္ဓကုဋိတိုက်အရွယ်အစားတို့မှာ အချိုးအစားညီညွတ်မှု လိုက်ဖက်မှုမရှိသည်ကို လေ့လာသုံးသပ်နိုင်ပါသည်။

အတွင်းစေတီများနှင့် သက်ဆိုင်သော ခေတ်အသီးသီးမှ မူလအနုပညာနှင့် ဗိသုကာလက်ရာများကို သိရှိနားလည်ပြီးဖြစ်ပါက ပြိုကျပျက်စီးနေသော ရှေးဟောင်းအဆောက်အအုံများကို ပြန်လည်ပြုပြင်ထိန်းသိမ်းသည့်အခါ၌ သက်ဆိုင်သည့် ခေတ်အလိုက် အတွင်းစေတီများမှ နမူနာပုံစံယူ၍ လွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

နှစ်ထပ်လွှမ်းစေတီနှင့် ဂူဘုရားများတည်ဆောက်မှုနှင့် ပတ်သက်၍ လေ့လာကြည့်ရှုရာတွင် ပထမဒါယကာနှင့် ဒုတိယဒါယကာတို့မှာ ဆွေမျိုးရင်းချာတော်စပ်သူများဖြစ်ကြသည်။ အများဆုံးတွေ့ရသော မှတ်တမ်းတို့မှာ အဖနှင့်သား၊ အဘိုးနှင့်မြေး၊ ဦးလေးနှင့်တူ စသည့်အတွဲများကို လေ့လာမှတ်သားရပါသည်။ ဒုတိယကောင်းမှုရှင်သည် ပထမကောင်းမှုရှင်၏ ဆန္ဒ၊ ရည်ရွယ်ချက်နှင့် စိတ်နေသဘောထားတို့ကိုလည်း ဖြည့်ဆည်းပေးလျက်ရှိနေကြောင်း သိရှိနိုင်ပေသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ နှစ်ထပ်လွှမ်းစေတီနှင့် ဂူဘုရားများအား ထပ်မံတွေ့ရှိခြင်း၊ လေ့လာသုတေသနပြုခြင်းအားဖြင့် မူလကောင်းမှုရှင်တို့၏ အလှူကုသိုလ်ကို သာသနာငါးထောင်တည်ရစ်သော၄ာ၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုစိတ်၊ ကြည်ညိုသဒ္ဓါပွားများလိုစိတ်များ တဖွားဖွားပေါ်ပေါက်လာရင်းနှင့်အတူ စာရေးသူအနေဖြင့် ပုဂံဒေသရှိ နှစ်ထပ်လွှမ်းစေတီဂူဘုရားတို့အား ကျောက်စာ၊ မင်စာအထောက်အထားတို့နှင့် ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုအထောက်အထားတို့နှင့်တကွ သုတေသနပြုစုဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

# ရတနာပုံတက္ကသိုလ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲ ဥပဒေအကြောင်း သိကောင်းစရာများ (ဒုတိယအကြိမ်) ပို့ချ

**မန္တလေး ဩဂုတ် ၂၇**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် ဒီမိုကရေစီအသိနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ အမျိုးသားရေးသွင်ပြင်များကို ထိန်းသိမ်း မှတ်သားလိုက်နာတတ်စေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲ ဥပဒေအကြောင်း သိကောင်းစရာများ (ဒုတိယအကြိမ်) ပို့ချချက်ကို ယမန်နေ့က အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ပြုလုပ်ရာ ဘာသာရပ်အသီးသီးမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၇၈၀ တက်ရောက်သည်။



ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ခင်မျိုးသန့်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာများ၊ ရွေးကောက်ပွဲ ဥပဒေအကြောင်း သိကောင်းစရာများ၊ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေးများ၊ မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန် အချက်များ၊ ကြိုတင်မဲပေးနိုင်သူများ၊ မဲဆန္ဒနယ် ပြင်ပရောက် ကြိုတင်ဆန္ဒမဲ ပေးခွင့်ရှိသူများ လိုက်နာရမည့် အချက်များ၊ ကြိုတင်ဆန္ဒမဲပေးခြင်း နည်းလမ်းများ၊ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် မဲမပေးဖြစ်သူများ၊ မဲဆန္ဒရှင် တစ်ဦး ဆောင်ရန်အချက်များ၊ မဲဆန္ဒရှင် တစ်ဦး မှတ်သားရန် အချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းတို့ကို ပို့ချဆွေးနွေးပြီး တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**တင်မောင်-မန်း**



မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များလူမှုကူညီရေးအဖွဲ့မှ အသက် (၇၅) နှစ်အထက် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့နိုင်ရန် ဩဂုတ် ၂၇ ရက်က သန်လျင်မြို့နယ် သတင်းစာဆရာများအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဦး(ကျော်ကျော်-သန်လျင်) က အလှူငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ကန်တော့ပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း(သန်လျင်) က လက်ခံရယူစဉ်။ တင်ဝင်းတင်

# ဗီလာရီးရဲက ဆဲလ်တာဗီဂိုကို အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၃) အဖြစ် ဩဂုတ် ၂၇ ရက် နံနက် ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ဗီလာရီးရဲနှင့် ဆဲလ်တာဗီဂိုအသင်းပွဲစဉ်တွင် ဗီလာရီးရဲအသင်းက အကြိတ်အနယ်ကစားပြီး လေးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖက်သုံးဂိုးစီဖြင့် ပြိုင်ပွဲပြီးဆုံးရန် နီးစပ်ခဲ့သော်လည်း ကွင်းလယ်ကစားသမား ဒန်နီရယ် ပါရီဂျို၏ နောက်ကျသွင်းဂိုးကြောင့် ဗီလာရီးရဲအသင်းက လေးဂိုး - သုံးဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဗီလာရီးရဲအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါပွဲစဉ် (၃) အပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ရရှိထားသည်။ ပြိုင်ဘက် ဆဲလ်တာဗီဂိုအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ **အောင်ဇော်**



# အိန္ဒိယနိုင်ငံတွင် ပြုလုပ်မည့် မြင်းစီးစက်ထိုးကစားနည်းသင်တန်းအတွက် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများ စေလွှတ်မည်

**ရန်ကုန် ဩဂုတ် ၂၇**

အိန္ဒိယနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ မြင်းစီးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ကာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မြင်းစီးစက်ထိုးကစားနည်း (Tent Pegging) သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ရာ မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများ တက်ရောက်နိုင်ရန် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတက်ရောက်ရန် Tent Pegging အရည်အချင်းစစ်ပြိုင်ပွဲကို နေပြည်တော် မြင်းစီးအားကစားကွင်း၌ ယခုနှစ် စက်တင်ဘာ ၇ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ အရည်အချင်းစစ်ပြိုင်ပွဲအတွက် အသက်ကန့်သတ်ထားခြင်းမရှိဘဲ စိတ်ပါဝင်စားသည့် မြင်းစီးအားကစားသမားများ အနေဖြင့် ဩဂုတ် ၃၁ ရက် နောက်ဆုံးထား စာရင်းပေးသွင်းကြရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင်ပါဝင်မည့် မြင်းများ အားလုံးသည် စက်တင်ဘာ ၃ ရက် နောက်ဆုံးထားကာ နေပြည်တော် မြင်းစီးအားကစားကွင်းသို့ ရောက်ရှိရမည်ဖြစ်ပြီး မြင်းများ သယ်ယူပို့ဆောင်ရာတွင် အမြန်လမ်းအသုံးပြုလိုပါက ထွက်ခွာမည့်ရက်မတိုင်မီ ငါးရက်ကြိုတင်၍ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးထံ အမြန်လမ်းအသုံးပြုရန် ခွင့်ပြုမိန့်ရရှိရေး လျှောက်ထားရမည်ဖြစ်ကာ မြင်းနှင့် မြင်းထိန်းများ နေပြည်တော် မြင်းစီးအားကစားကွင်းသို့ရောက်ရှိပါက ကွင်းတာဝန်ခံ ဖုန်း ၀၉-၂၅၉၀၈၂၂၉၃ ထံသို့ ဆက်သွယ်သတင်းပို့ကြရမည်ဖြစ်သည်။

အခြေခံ Tent Pegging သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသူများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဖွင့်လှစ်မည့် အခြေခံ Tent Pegging သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူကို ဦးစားပေး ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၇၈၅၄၀၈၀၅၂၊ ၀၉-၅၀၂၃၂၈ နှင့် ၀၉- ၄၄၃၁၇၀၅၅၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။

**အာကာစိုး**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ဗလမင်းထင်တံတားအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၃၉၄ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၄၀၀၀၀၀) နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် I Zone Oil Bowser တစ်စီး၊ Hintar Oil Bowser တစ်စီးနှင့် NID Oil Bowser တစ်စီး စုစုပေါင်း ဆီသယ်ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၅ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားမြို့နယ်၌ လိုင်စင်မဲ့ Honda Super Four မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ လယ်ဝေးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၁၉ ဒသမ ၈၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၃၀၁၁၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂၃၀၁၁၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီး၊ မြိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၅၂၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Express Bus တစ်စီး၊ စက်မှုဇုန်ထုတ် Hiace တစ်စီး၊ Yutong Bus တစ်စီးနှင့် Mitsubishi Fuso Bus တစ်စီး စုစုပေါင်း မော်တော်ယာဉ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၆ ဒသမ ၃၉၅ တန်၊ သစ်မာ ၁၁ ဒသမ ၇၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၁၇၈၅၆) ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၆၇၆၉၈၅၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ်ရှိ ဆေးဆိုင် သုံးဆိုင်၌ မြန်မာနိုင်ငံဆေးဝါး မှတ်ပုံတင်အမှတ် မပါရှိသည့် တရားမဝင် ဆေးဝါး ၁၄ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၂၃၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၃ ဒသမ ၅၂၈ တန်နှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၃၅၃၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (သွင်းကုန်) ၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Pioneer DJ စက်နှစ်လုံး အပါအဝင် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၅၉၉၈၁) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၀၉၅၂၈၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၂၃ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၀၀၈၄၄၇) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅/တံဘဲ့၊ မြေကွက်အမှတ်- ၁/က-B ၊ ဧရိယာ- ၀.၀၈၂ ဧက ရှိ မြေပိုင်မြေကွက် နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ဘုတာရုံလမ်း၊ အမှတ်- ၃၃ ဟုခေါ်တွင်သည့် ရေ မီး အစုံ (၂) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ မြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တစ်ဦးတည်းတရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူ ဦးသိန်းထူး (၁၂/ရကန (နိုင်) ၀၉၀၅၀၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ ညွှန်ကြားချက်အရ
**ဒေါ်စင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/8062, Toyota Mark II TZX 100 Saloon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးထူးခြားအောင်၁၂/မဘန(နိုင်)၁၃၇၅၉၅ က(ကမ-၃)ပျောက်ဆုံး ၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ဃ၊မြေကွက်အမှတ်-၄၇၊(၂၄၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၄၇)၊ဓပုလ္လ(၁)လမ်း၊(ဃ)ရပ်ကွက်၊ဒေါ်သန်းမြင့်(N/OKA-008588)၊ဒေါ်လှငွေး(N/OKA-008589)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်တစ်ဦးဖြစ်သူဒေါ်လှငွေး(ဇနီး)သည်(၁၀-၅-၂၀၀၂)ရက်နေ့တွင်ကွယ်လွန်ခဲ့သဖြင့်၎င်း၏ခင်ပွန်းဖြစ်သူဦးဝင်းသိန်း(၁၂/ဥကမ(နိုင်)၁၀၅၈၇၆)မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်ခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ်-၅/၁၆၅၄/၂၀၂၄/၂၉-၅-၂၀၂၄၊ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊ဂရန်မူရင်းတို့တင်ပြ၍ကျန်အမည်ပေါက်-ဒေါ်သန်းမြင့်နှင့်အတူပူးတွဲ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အပိုင်ပေးစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
## နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ဝန်ကြီးဌာနကိုယ်စားပြု ခရိုင်ရုံးအသီးသီးတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စားပြု ခရိုင်ရုံးအသီးသီးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်မြေစာရင်းဦးစီးဌာနရုံးများနှင့် ယင်းတို့အောက်ရှိ ခရိုင်၊ မြို့နယ်ရုံးများတွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး(စိုက်ပျိုးရေး) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၃၃)နေရာ | B.Agri.Sc |
| (ခ) | ဒုတိယဦးစီးမှူး(ဆည်မြောင်း) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၄)နေရာ | B.E(Civil) |
| (ဂ) | ဒုတိယဦးစီးမှူး(ရေအရင်းအမြစ်) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၇)နေရာ | B.E(Civil/Mech) |
| (ဃ) | ဒုတိယဦးစီးမှူး(စက်မှုလယ်ယာ) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၂၄)နေရာ | B.E(Mech) |
| (င) | ဒုတိယဦးစီးမှူး(မွေးကု) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၃၃)နေရာ | B.V.Sc/D.V.M |
| (စ) | ဒုတိယဦးစီးမှူး(ငါးဦးစီး) (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၂၁)နေရာ | B.Sc(Zoology/ Ichthyogy/ Fisheries Science/Marine Science/ Marine Bio) |
| (ဆ) | ဒု-လက်ထောက်ဦးစီးမှူး(စိုက်ပျိုးရေး) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၆၆)နေရာ | Dip.Agri |
| (ဇ) | ဒု-လက်ထောက်ဦးစီးမှူး (ဆည်မြောင်း) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၈)နေရာ | A.G.T.I(Civil)/ E.G.T.I(Civil) |
| (ဈ) | ဒု-လက်ထောက်ဦးစီးမှူး(ရေအရင်းအမြစ်) (လစာနှုန်း၊၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၄)နေရာ | A.G.T.I(Civil/ Mech)/ E.G.T.I(Civil/ Mech) |
| (ည) | ဒု-လက်ထောက်ဦးစီးမှူး(စက်မှုလယ်ယာ) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၄၈)နေရာ | A.G.T.I(Mech)/ E.G.T.I(Mech) |
| (ဋ) | ဒု-လက်ထောက်ဦးစီးမှူး (မွေးကု) (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၆၆)နေရာ | သိပ္ပံဘွဲ့တစ်ခုခု (သို့မဟုတ်) တိရစ္ဆာန်ဆေးကု ဒီပလိုမာ ရရှိပြီးသူ |
| (ဌ) | ဒု-လက်ထောက်ဦးစီးမှူး (ငါးဦးစီး) (လစာနှုန်း၊၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၄၂)နေရာ | B.Sc(Zoology) သို့မဟုတ် Diploma in Fisheries and aquaculture ရရှိပြီးသူ |

၂။ လျှောက်လွှာတွင်အောက်ပါအချက်အလက်များပါဝင်ရမည်-
- (က) လျှောက်ထားသည့်ရာထူးအမည်၊
  (သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီသဖြင့် ရာထူးနေရာ (၁)ခုထက်ပို၍ လျှောက်ထားပါက ပထမဦးစားပေးသည့်ရာထူး၊ ဒုတိယဦးစားပေးသည့်ရာထူး ခွဲခြားဖော်ပြရပါမည်။)
- (ခ) အမည်
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ဃ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
- (င) လူမျိုး/ကိုးကွယ်သည့်ဘာသာ
- (စ) အဖအမည်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ဆ) ရရှိသည့်ဘွဲ့/ဒီပလိုမာ၊ ခုနှစ်၊ တက္ကသိုလ်
- (ဇ) အမြဲတမ်းနေရပ်လိပ်စာ
- (ဈ) ဆက်သွယ်ရန်လိပ်စာ
- (ည) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်-
- (က) ပညာအရည်အချင်းထောက်ခံချက်
  - (၁) အမှတ်စဉ်၁။(က)မှ(စ)အထိအတွက် ဘွဲ့လက်မှတ်ထောက်ခံချက်မိတ္တူ၊ အမှတ်စာရင်းမိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင် လက်မှတ်မိတ္တူ။
  - (၂) အမှတ်စဉ် ၁။(ဆ)မှ (ဌ)အတွက် ဘွဲ့/ ဒီပလိုမာလက်မှတ်မိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ (သို့မဟုတ်) သက်ဆိုင်ရာအထက်တန်းကျောင်းအောင်လက်မှတ်မိတ္တူ။
- (ခ) တာဝန်ကျရာမည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊
- (ဂ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)နှင့် လွန်ခဲ့သော (၁)လအတွင်းရယူထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊
- (င) (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်၊
- (စ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ (၁)လအတွင်း ရယူထားသောကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊
- (ဆ) အမှတ်စဉ် ၁။ (က)မှ (စ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်ကို အနည်းဆုံး (၅)နှစ်တိတိ တာဝန်ထမ်းဆောင်မည်ဖြစ်ပါကြောင်း၊ တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ် (၂၀)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်နှင့် အာမခံသူ (၂)ဦး၏ ထောက်ခံချက်၊
- (ဇ) အမှတ်စဉ် ၁။(ဆ)မှ (ဌ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်ကို အနည်းဆုံး (၃)နှစ်တိတိ တာဝန်ထမ်းဆောင်မည်ဖြစ်ပါကြောင်း၊ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ် (၁၀)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်နှင့် အာမခံသူ (၂)ဦး၏ ထောက်ခံချက်၊

၄။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိပါ၊

၆။ လျှောက်လွှာပိတ်ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ရမည်။ လျှောက်လွှာများကို (၂၇-၉-၂၀၂၄)ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ မိမိတို့လျှောက်ထားသော စာဖြေဌာနများဖြစ်သည့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြေစာရင်းဦးစီးဌာနများသို့လိပ်မူ၍ သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများသို့ဖြစ်စေ ယင်းတို့၏ လက်အောက်ရှိ ခရိုင်၊ မြို့နယ်ရုံးများသို့ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

၇။ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းလက်ခံ စဉ်းစားပေးမည်မဟုတ်ပါ။

၈။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရန်အတွက် စာမေးပွဲဝင်ကြေးကျပ် (၅၀၀၀/-)ကျပ်ကို ပေးသွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီပါက ရာထူးတစ်မျိုးထက် ပိုမိုလျှောက်ထားနိုင်ပြီး ထပ်မံလျှောက်ထားသည့် ရာထူးအတွက် စာမေးပွဲဝင်ကြေးငွေ (၅၀၀၀/-)ကျပ်ကို နောက်ထပ် ငွေသွင်းချလန်တစ်စောင်ဖြင့် သီးခြားပေးသွင်းစေရမည်ဖြစ်ပါသည်။ စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ၏ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ရှိ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်မြေစာရင်း ဦးစီးဌာနရုံးများ၏ ငွေစာရင်းသို့ ပေးသွင်းရမည် ဖြစ်ပါသည်။ ခရိုင်၊ မြို့နယ်ရုံးများတွင် လျှောက်လွှာတင်သွင်းသူများအနေဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဦးစီး ဌာနမှူးများထံ စာမေးပွဲဝင်ကြေးပေးသွင်းရန်ဖြစ်ပြီး ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများမှ စုစည်း၍ သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်မြေစာရင်းဦးစီးဌာနရုံးများ၏ ငွေစာရင်းသို့ ပေးသွင်းပေးမည်ဖြစ်ပါသည်။ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ငွေစာရင်းသို့ စာမေးပွဲဝင်ကြေးပေးသွင်းရာ၌ ငွေစာရင်း အမှတ်အောက်ရှိ ကွက်လပ်တွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ခေါ်ယူသည့် ဒုတိယဦးစီးမှူးရာထူး (သို့မဟုတ်) ဒု-လက်ထောက်ဦးစီးမှူးရာထူးအတွက် ပေးသွင်းခြင်းဟုဖော်ပြ၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၉။ လျှောက်ထားသူများသည် မြန်မာစာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်နှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့နှုတ်ဖြေစာမေးပွဲနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများ ပြုလုပ်မည် ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့်နေ့ရက်ကို ပြန်လည်အသိပေးကြေညာပေးမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြေစာရင်းဦးစီး ဌာနရုံးများနှင့် ဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၊ ဖုန်းနံပါတ်- ၀၆၇-၃၄၀၈၇၄၂၊ ၀၆၇-၃၄၀၈၇၄၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၀ ကျပ် | ၂၆၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၂၀၀ ကျပ် | ၃၂၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၉၇၅ ကျပ် | ၃၀၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၃၁၁၅ ကျပ် | ၃၁၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကို ဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၃၁၁ | ၂၇၆၇၉၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၀၇၇၆ | ၃၇၇၄၃၄၅၀ |
| MCB | ၉၀၀၀ | ၉၀၀၀ | ၅ | ၄၅၀၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၃၃၀၀ | ၅၇၇၅၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၇၁၂ | ၁၉၉၃၆၀၀ |
| EFR | ၁၇၅၀ | ၁၇၀၀ | ၁၅၀၆ | ၂၆၀၂၄၅၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၂၄၁ | ၂၆၀၂၄၅၀ |
